၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No. 746, JANUARY 24, 2010

**APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN**

**Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com**

## ဒေါ်အောင်ဆန်းစုကြည်အမှု ဗဟိုတရားရုံးချုပ်တွင် ကြားနာစစ်ဆေး

NEJ ၊ ဂျန်နဝါရီ ၁၈ ။ ။ ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အထူးတရားရုံးမှ ပြစ်ဒဏ်ချမှတ်မှုကို အယူခံတင်သွင်းထားသော ပြစ်မှုဆိုင်ရာပြင်ဆင်မှုလျှောက်လဲချက်ကို ယနေ့ဗဟိုတရားရုံးချုပ်တွင် ကြားနာစစ်ဆေးပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အားအင်းစိန်အထူးတရားရုံးမှချမှတ်ခဲ့အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ်အမှု၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူနေ ဒေါ်ခင်ခင်ဝင်း နှင့်မဝင်းမမတို့အပေါ် အလားတူပြစ်ဒဏ်များချမှတ်မှုနှင့် အစိုးရဘက်မှတင်သည့်အမှုတခု စုစုပေါင်း ၃ မှုကို တရားရုံးချုပ်မှာ ယနေ့နှစ်ဘက်လျှောက်လဲချက် အပြီးသတ်တင်သွင်းကြခြင်းဖြစ်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်၊

"ကျနော်တို့ဒီနေ့အမှု ၃ မှုပေါ့နော်။ ဒေါ်စုရယ်၊ ဒေါ်စုနဲ့အတူနေတဲ့ ဒေါ်ခင်ခင်ဝင်းတို့ရယ်၊ အစိုးရကတင်တာ ၁ မှု၊ ဒီ၃ မှုစလုံးအတွက် နှစ်ဘက်ကျနော်တို့ဘက်ကရော အစိုးရဘက်ကရော အပြီးသတ်လျှောက်လဲချက်ပေးကြပါတယ်။ မနက် ၁၀ နာရီကနေ နေ့ခင်း ၁ နာရီခွဲလောက်အထိပေ့ါ။"

အင်းစိန်အထူးတရားရုံးက ဒေါ်အောင်ဆန်းစုကြည်နှင့်ဒေါ်ခင်ခင်ဝင်းတို့အား ယင်းသို့ပြစ်ဒဏ်များချမှတ်ခဲ့မှုအပေါ် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံတင်ခဲ့ရာ တိုင်းတရားရုံးက အောက်တိုဘာ ၂ ရက်တွင် အယူခံအမှုကိုပယ်ချခဲ့တဲ့အတွက် အခုလိုဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေများက ဗဟိုတရားရုံးချုပ်မှာဆက်လက်အယူခံတင်သွင်းလျှောက်ထားခြင်းဖြစ်ပါတယ်။

"အခြေခံပြောရရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လက်တွေ့သုံးလို့မရဘူး။ သုံးခွင့်မရှိတော့ဘူးဆိုတာ ဥပဒေအချက်အလက်တွေ အထောက်အထားတွေနဲ့ကျနော်တို့တင်ပြတာပေ့ါ။ ၁၉၇၄ အခြေခံဥပဒေမရှိတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ပေါ်မှာ ကန့်သတ်ထားတဲ့အမိန့်တွေ၊ သူတို့က ၁၉၇၄ အခြေခံဥပဒေပါပုဒ်မတွေကိုယူသုံးပြီးတော့ ကန့်သတ်တာ။ အဲဒီကန့်သတ်မိန့်တွေတရားမဝင်ဘူး၊ ကန့်သတ်မိန့်တရားမဝင်တဲ့အတွက် တားဆီးမိန့်လည်း တရားမဝင်ဘူး။ အဲတော့ ဒေါ်စုအပေါ်မှာကန့်သတ်တာတွေ တရားမဝင်တဲ့အတွက်အခုတရားစွဲဆိုတဲ့ စည်းကမ်းဖောက်ဖျက်တယ်ဆိုတာလည်းမရှိဘူးဆိုတာကို ကျနော်တို့ လျှောက်လဲချက်ပေးတာ။"လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

တိုင်းတရားရုံးတွင်အယူခံအတွက် လျှောက်လဲချက်တင်သွင်းစဉ်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေများက အခြေခံဥပဒေမရှိတော့ကြောင်းတင်ပြချက်ကို တိုင်းတရားရုံးကမှန်ကန်ကြောင်းဆုံးဖြတ်ခဲ့ပါတယ်။ ယင်းသို့ တရားရုံးကဆုံးဖြတ်ချက်ကို မကျေနပ်၍ အစိုးရဘက်မှလည်း တမှုတင်သွင်းတာဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

ယနေ့အမှုကြားနာစစ်ဆေးရာတွင် ထူးခြားချက်မှာ ယခင်ကဲ့သို့ နိုင်ငံတော်တရားရုံးချုပ်တွင် တရားသူကြီးတပါးသာမထိုင်ဘဲ နှစ်ပါးထိုင်၍ကြားနာကြကြောင်းယနေ့လျှောက်လဲချက်အပြီးသတ်ပေးပြီးသည့်နောက်အမိန့်ထွက်သည့်ရက်ကို သွားရောက်မေးမြန်းရမည်ဖြစ်ကြောင်း ဗြိတိသျှသံရုံးမှ သံအမတ်ကြီးနှင့် ပထမအတွင်းဝန်တို့လည်း အမှုကိုလာရောက်နားထောင်ကြကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်မေလအတွင်းက အမေရိကန်နိုင်ငံသားဂျွန်ဝီလီယံယက်ထော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း ရေကူးဝင်ရောက်ခဲ့မှုကြောင့် နအဖစစ်အုပ်စုက မေ ၁၈ ရက်တွင် နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုပုဒ်မ ၂၂ ဖြင့် အင်းစိန်အထူးတရားရုံးမှာ ဒေါ်အောင်ဆန်းစုကြည်ကိုတရားစွဲဆိုခဲ့ပြီး ဩဂုတ်လ ၁၁ ရက်တွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့ပါတယ်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်အား နအဖ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မူလတရားရုံးမှချမှတ်ခဲ့သောထောင်ဒဏ်ကို ထက်ဝက်လျှော့ချလိုက်ပြီး ဆိုင်းငံ့ပြစ်ဒဏ်အဖြစ်ထားရှိကာ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် ၁၈ လကျခံစေရန် ပြည်ထဲရေးဝန်ကြီးမှတဆင့် အမိန့်ထုတ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူနေ ဒေါ်ခင်ခင်ဝင်းနှင့်မဝင်းမမတို့အပေါ်လည်း အလားတူပြစ်ဒဏ်များ ချမှတ်ခဲ့ပါတယ်။

**အမေရိကန်အစိုးရ နအဖ အပေါ် စိတ်မရှည်နိုင်တော့ကြောင်း အသိပေးပြောကြား**
စာမျက်နှာ ၃

**မင်္ဂလာဒုံမှာတိုက်လေယာဉ် တစင်းပျက်ကျလေယာဉ်မှူးသေဆုံး**
စာမျက်နှာ ၄

**ဦးဝင်းတင်၏ ပထမ ဦးဆုံးခရီးစဉ်နှင့် ပါတီဝင်များနှင့်တွေ့ဆုံခြင်း**
စာမျက်နှာ ၈

**ပဲခူးမြို့လယ်ကောင်မှာ ကလေးစစ်သားတွေ စုဆောင်း**
စာမျက်နှာ ၁၃

**မြန်မာနိုင်ငံရေး အပြောင်းအလဲအပေါ် အမေရိကန် အားမရမှုအဖွဲ့ ချုပ်ထောက်ခံ**
စာမျက်နှာ ၁၅

**အိုင်အယ်လ်အိုအရာရှိလူ့ အခွင့်အရေးလှုပ်ရှားသူများနဲ့ တွေ့ဆုံ**
စာမျက်နှာ ၁၈

VOB အာဘော်

# လျှင်မြန်ထိရောက်သောလူပ်ရှားဦးဆောင်မှုလိုအပ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအမြင်ကျယ်သောကြိုးပမ်းမှုကြောင့် ဗဟိုအလုပ်မှုဆောင်ကော်မတီအားအင်အားတိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံရေးအရအခုံးအဖြတ်ပေးရတော့မည့် အရေးကြီးသည့်အချိန်တွင် ပါတီ၏လုပ်ငန်းတာဝန်များကိုနေ့တဓူဝထမ်းဆောင်နိုင်ခြင်းမရှိတော့သည့် သက်ကြီးရွယ်အိုခေါင်းဆောင်များကိုယ်စားထမ်းဆောင်မည့် ထိုထက်အသက်ပိုငယ်သောခေါင်းဆောင်များ ဝင်ရောက်လာလေပြီဖြစ်သည်။ ယခုအခါ ဗဟိုအလုပ်အမဆောင်ကော်မတီသည် ပါတီ၏ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းရန်ပြင်ဆင်နေပြီဟုသိရသည်။ လျော်ကန်သင့်မြတ်သောကြိုးပမ်းမှုဖြစ်သည်။ ပါတီအနေဖြင့် လုပ်ဆောင်စရာရှိသည်များကို ခြေလှမ်းမှန်မှန်ဖြင့် ဆက်တိုက် စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်ခြင်းက အင်အားနှင့်အရှိန်အဟုန်ကောင်းလာရေးအတွက် သော့ချက်ကျပေသည်။

တချိန်တည်းမှာပင် စစ်အာဏာရှင်များက ရွေးကောက်ပွဲကျင်းပမည်ဟု အသိပေးကြေညာထားသည်၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတခုအတွက် လိုအပ်သောအင်္ဂါရပ်များကို အာဏာချုပ်ကိုင်ထားသော နအဖက ယနေ့တိုင်လုပ်ဆောင်ခြင်းမရှိသေးပေ။ ဤသည်က စစ်အာဏာရှင် နအဖ ဗိုလ်ချုပ်ကြီးများသည် မိမိတို့အပေါ် မြန်မာလူထုနှင့်နိုင်ငံတကာအသိုင်းအဝိုင်းတို့က ထားရှိမည့်အမြင်နှင့် သဘောထားကို ဂရုမမူဆိုသည့်သဘောသက်ရောက်နေသည်။ မိမိ၏ ဂုဏ်သိက္ခာကို မိမိကိုယ်တိုင်က ကျဆင်းစေရန်လုပ်ဆောင်နေခြင်းနှင့်တူသည်။ ထိုမျှမကသေး မိမိအပါအဝင် မြန်မာပြည်သူပြည်သားများ၏အနာဂတ်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဆိုသည်ကိုလည်း ပေါ်လွင်နေသည်။ ဒီမိုကရေစီဖော်ဆောင်ရေးအတွက်လုပ်ဆောင်နေပါသည်၊ ရွေးကောက်ပွဲကျင်းပပါမည်ဟု မည်မျှပင်ထုတ်ဖော်ပြောဆိုနေသော်လည်း အာဏာဉာဉ်ဆိုးကိုလက်တွေ့ဖယ်ရှားခြင်းမရှိသေးပဲ ဆုပ်ကိုင်ဖက်တွယ်နေသည်ကို ရှင်းလင်းစွာမြင်တွေ့နေရသည်။

နအဖစစ်အာဏာရှင်များဘက်က မည်သို့ပင်အခြေအနေများဖန်တီးနေစေကာမူ ၁၉၉၀ ရွေးကောက်ပွဲတွင် မြန်မာလူထု၏ထောက်ခံမှုကိုရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လူထုကယုံကြည်စွာဖြင့် ပေးအပ်ထားသော တရားဝင်လုပ်ပိုင်ခွင့်ဆိုသည်ကို ထိရောက်စွာအသုံးချကာ အနာဂတ်မြန်မာနိုင်ငံအတွက် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့်ပင် ပါတီဗဟိုကော်မတီကိုပြန်လည်ဖွဲ့စည်းနိုင်ရေးကို ကြိုးပမ်းနေခြင်းဖြစ်သည်။ နအဖကကျင်းပမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲဆိုသည်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရှင်းလင်းပြတ်သားသည့်သဘောထားကို ဖော်ထုတ်ရုံမက လက်တွေ့ဖော်ဆောင်မှုများကိုပါလုပ်ဆောင်ရမည့် အချိန်ကာလသို့ရောက်ရှိနေပြီဖြစ်သည်။ မြန်မာပြည်သူပြည်အားလုံး၏အနာဂတ်ကောင်းကျိုးကို ဖော်ဆောင်နိုင်မည့်အခွင့်အလမ်းများပေါ်ထွန်းမည့် နိုင်ငံရေးအဝန်းအဝိုင်းအခြေအနေများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လျင်မြန်ထိရောက်စွာလုပ်ကိုင်၍ နိုင်ငံရေးအင်အားစုများနှင့်တကွ ပြည်သူလူထုကိုဦးဆောင်မှုပေးရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကချင်အဖွဲ့ ဗဟိုကော်မတီဝင်များကို ကားပါ မစ်တစောင်စီထုတ်ပေး

NEJ ၊ ဂျန်နဝါရီ ၂၂ ။ ။ စစ်အစိုးရရဲ့နယ်ခြားစောင့်တပ် အသွင်ပြောင်းလဲရေးကို လက်ခံလိုက်တဲ့ အဲန်ဒီအေ–ကချင်အဖွဲ့ ဗဟိုကော်မတီဝင်များကို ကားပါမစ်တစောင်စီထုတ်ပေးလိုက်ခြင်းသည် ဒေသတွင်းလက်နက်အပ်ရန် ကျန်နေသည့်ကိစ္စအဆင်ပြေစေရေး ရည်ရွယ်ပုံရကြောင်း မြစ်ကြီးနားမြို့မှ အဲန်ဒီအေတပ်ဖွဲ့ဝင်ဟောင်း တဦးက ပြောပါတယ်။

“အဲန်ဒီအေတပ်ဖွဲ့ရဲ့ ငြိမ်းချမ်းရေးကောင်စီက ကောင်စီဝင်တွေကိုပေးတာပါ။ ကိုယ့်မှာရှိတဲ့ လိုင်စင်မဲ့ကား တစီးစီးကို အရင်စာရင်းတင်ပြရတယ်။ အဲဒါကို အစိုးရက ယာဉ်လိုင်စင်ထုတ်ပေးတယ်။ ကားပါမစ်ပေးတဲ့သဘောပေ့ါ။” လို့ပြောပါ တယ်။

သက်ဆိုင်ရာက အဲန်ဒီအေ–ကချင် တပ်ဖွဲ့ဝင်ခေါင်းဆောင်တွေအတွက် ကားလိုင်စင်လုပ်ပေးရန် ညွှန်ကြားချက်ရရှိထားကြောင်း၊ ဥက္ကဌ ဦးဆခုံတိန့်ယိန်းအတွက် ပရာဒို ၁ စီးနှင့် လဲန်ခရူဇာ ၁ စီး၊ ကျန်ခေါင်း ဆောင်များအတွက် ပရာဒို၊ လဲန်ခရူဇာ၊ ပါဂျဲရိုး၊ ဆာ့ဖ်၊ မာ့ခ်တူး၊ ကယ်တီးနားနှင့် ဖိုးဗိုး စတဲ့ကားအမျိုးအစားများဖြစ်ပြီး တဦးလျှင် ၁ စီးစီ စုစုပေါင်း ၁၇ ဦးအတွက် ကား ၁၈ စီးဖြစ်ကြောင်း မြစ်ကြီးနားမြို့ ကညနရုံးမှတာဝန်ရှိဝန်ထမ်းတဦးက အတည်ပြုပြောကြားပါတယ်။

“အဲန်ဒီအေခေါင်းဆောင်တွေသူတို့တင်ပြထားတဲ့လိုင်စင်မဲ့ကားတွေကို ကျနော်တို့ရုံးကို ယူလာဘို့လိုတယ်။ ကျနော်တို့က ခဲခြစ်တာအပါအဝင် ယာဉ်လိုင်စင်အတွက် အားလုံးပြုလုပ်ပေးဘို့ ညွှန်ကြားချက်ရထားတယ်။ အချို့ခေါင်းဆောင်တွေ ယာဉ်လိုင်စင်လာလုပ်သွားပြီ။” လို့ ပြောပါတယ်။

အဲန်ဒီအေခေါင်းဆောင်များအနေဖြင့် လိုင်စင်မဲ့ကားများ လိုင်စင်ရရှိသွားခြင်းသည် ကျပ်သိန်း ၁၀၀ ကျော်တန် လိုင်စင်မဲ့ကားများကို ကျပ်သိန်း ၁,၀၀၀ ကျော်မှ ၃,၀၀၀ အထိ တန်ဘိုးရှိသွားစေကြောင်း စစ်အစိုးရက အဆိုပါငွေပမာဏကို လာဘ်ထိုးလိုက်တဲ့သဘောဖြစ်ကြောင်း အဆိုပါအဲန်ဒီအေတပ်ဖွဲ့ဝင်ဟောင်းဖြစ်သူက ပြောပါတယ်။

“ဒီလိုခေါင်းဆောင်တွေကို ကျပ်သိန်းထောင်နဲ့ချီလာဘ်ထိုးလိုက်တဲ့အတွက် ဒေသထဲမှာ နယ်ခြားစောင့်တပ်ထဲ ပြန်လည်ပါဝင်ခြင်းမရှိတော့တဲ့ခေါင်းဆောင်တွေ ဝါရင့်တော်လှန်ရေးသမားတွေထံက လက်နက်သိမ်းယူရေး ပိုမိုအဆင်ပြေသွားလိမ့်မယ်လို့ စစ်အစိုးရကယူဆနေပုံရတယ်။” လို့ ပြောပါတယ်။

ပြီးခဲ့တဲ့ ဂျန်နဝါရီ ၁၃ မှ ၁၆ ရက်နေ့အထိ မြစ်ကြီးနားတွင်ကျင်းပခဲ့တဲ့ ကချင်အထူးဒေသ ၁ အထူးအစည်းအဝေးပွဲမှာ တပ်သားဟောင်းများ၊ တော်လှန်ရေးရဲဘော်ဟောင်းများကို ထောက်ပံ့ကြည့်ရှုရေးကိစ္စ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့သော်လည်း ဥက္ကဌဦးဆခုံတိန့်ယိန်းက မည်သို့မျှအဖြေမပေးခဲ့ပေ။

ယခုကားပါမစ်ရရှိသူများမှာ ကချင်ခေါင်းဆောင် ၁၃ ဦး၊ မြန်မာ ၂ ဦး၊ တရုတ် ၂ ဦး စုစုပေါင်းဗဟိုကော်မတီဝင် ၁၇ ဦးသာ ရရှိကြခြင်းဖြစ်ပါတယ်။ ဥက္ကဌ ဦးဆခုံတိန့်ယိန်းသည် ၎င်းတို့မိသားစုစီးနေသည့် KSR ကချင်အထူးဒေသ နံပါတ်တပ် လိုင်စင်မဲ့ကားများကိုလည်း လိုင်စင်ထုတ်ပေးရန် စစ်အစိုးရထံတင်ပြထား ကြောင်း စုံစမ်းသိရှိရပါတယ်။

# အမေရိကန်အစိုးရ နအဖအပေါ် စိတ်မရှည်နိုင်တော့ကြောင်း အသိပေးပြောကြား

DVB၊ ဂျန်နဝါရီ ၂၀ ။။ မြန်မာနိုင်ငံ ဒီမိုကရေစီအပြောင်းအလဲအတွက် သိသာတဲ့တိုးတက်မှုမမြင်တွေ့ရသေးတာကြောင့် စောင့်ဆိုင်းဖို့စိတ်မရှည်နိုင်တော့ကြောင်း အမေရိကန်အစိုးရက နအဖစစ်အစိုးရကို သတိပေးပြောကြားလိုက် ပါတယ်။

ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက မြန်မာနိုင်ငံကို သွားရောက်ဆွေးနွေးခဲ့တဲ့ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်ဘဲလ်က အင်္ဂါနေ့ သတင်းစာရှင်းလင်းပွဲအတွင်း နအဖစစ်အစိုးရနဲ့ ထိတွေ့ဆက်ဆံမှုနဲ့ပတ်သက်ပြီး တစုံတရာရှင်းရှင်းလင်းလင်းမရှိဘဲ ရောနှောရပ်ထွေးနေတယ်လို့ ပြောပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ ပြသာနာကို ပြန်လည်သုံးသပ်ပြီး မူဝါဒအသစ်တခုချမှတ်ဖို့ ကြိုးစားတဲ့နေရာမှာ စိန်ခေါ်မှုအသစ်တွေ ရှိနေပါတယ်၊ ဒီအတွက် စိတ်ရှည်ဖို့ လိုတယ်ဆိုတာမှန်ပေမယ့် အချိန်အကန့်အသတ်မရှိစိတ်ရှည်တာမျိုးတော့မဖြစ်နိုင်သလို သတ်မှတ်ချိန်အတွင်းမှာ သတ်မှတ်ထားတဲ့တိုးတက်မတွေ့တဆင့်ပြီးတဆင့်မြင်တွေ့ရဖို့လိုနေပါတယ်လို့မစ္စတာကမ်ဘဲလ်ကပြောပါတယ်

မြန်မာစစ်အစိုးရနဲ့အပြန်အလှန်တိုက်ရိုက်ဆက်သွယ်မှုတွေရှိခဲ့ကြောင်း နဲ့ မကြာခင်မှာ ဒီလိုဆွေးနွေးမှုတွေ ထပ်လုပ်နိုင်ဖို့ မျှော်လင့်ရကြောင်းလည်း သူက ပြောပါတယ်။ တိုင်းရင်းသားဒေသတွေက စစ်အစိုးရရဲ့ ညှဉ်းပမ်းနှိပ်စက်မှုတွေကိုလည်း မစ္စတာကမ်ဘဲလ်ကထည့်သွင်းပြောကြားသွားကြောင်း ဝါရှင်တန်ကလာတဲ့ အေဂျင်စီသတင်းတွေမှာ ဖော်ပြထားပါတယ်။မစ္စတာကာ့တ်ကမ်ဘဲလ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် စိတ်ရှည်သည်းခံနိုင်ခြင်းမရှိတော့ဘူးလို့ ပြောကြားလိုက်တဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သဘောထားသိရှိနိုင်ဖို့ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကို ဆက်သွယ်မေးကြည့်တဲ့အခါ အခုလိုပြောကြားထားပါတယ်။

“ကျနော်တို့ အမြင်ကတော့ မစ္စတာကာ့တ်ကာဘဲလ်တို့ လာတယ်၊ ဒါက အမေရိကန်နိုင်ငံခြားရေးမူဝါဒမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ စန်ရှင်လည်း (ပိတ်ဆို့တားမြစ်မှု) ကိုင်ထားမယ်၊ တဖက်ကလည်း တိုက်ရိုက်ဆက်သွယ်လုပ်မယ်၊ သူတို့လာလုပ်တာဘဲ၊ ဒါပေမယ့် လာလုပ်တဲ့တိုးတက်မှုကအခုထိမတွေ့ဘူး၊ တိုးတက်မှုမရှိတဲ့ အခြေအနေမှာ အခုလိုကြေညာချက်ပြောကြားချက်ထွက်လာတာဟာ ဆီလျော်တဲ့ ကိစ္စတခုလို့ဘဲ မြင်ပါတယ်။”

အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ဝန်ကြီး ဦးဘိုလှတင့်က မြန်မာ့ဒီမိုကရေစီရေးအတွက် ဘာတခုမှတိုးတက်မှုမတွေ့ရသေးတာကြောင့် ကာ့တ်ကမ်ဘဲလ်ရဲ့ပြောဆိုချက်ကို ထောက်ခံကြောင်း အခုလိုပြောပါတယ်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး ကျနော်တို့ မစ္စတာကမ်ဘဲလ်နဲ့ သဘောတူပါတယ်၊ ဘာကြောင့်လည်းဆိုတော့ အမေရိကန်ပြည်ထောင်စုက တိုက်ရိုက်ထိတွေ့ဆက်ဆံမယ့် မူဝါဒသစ်ကို ချမှတ်လိုက်ကတည်းက နအဖဘက်ကနေပြီး သိသာမြင်သာတဲ့ အပြုသဘောဆောင်တဲ့ တိုးတက်ဖြစ်ပေါ်မှုတွေ ဘာတခုမှ တိတိကျကျလုပ်သေးတာမတွေ့ရသေးပါဘူး။ အထူးသဖြင့်အမေရိကန်ပြည်ထောင်စုက တောင်းဆိုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးရေးကလည်း ပီပီပြင်ပြင် မပေါ်ပေါက်လာသေးသလို ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ဖို့ကိစ္စကလည်း ခုချိန်ထိဘာမှ မသေချာမရေရာဘူး။ အဲဒီလိုဘဲ ၂၀၁၀ ရွေးကောက်ပွဲဟာ အားလုံးပါဝင်ပတ်သက်နိုင်ပြီး တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲမျိုး ဖြစ်ဖို့ဆိုတဲ့ကိစ္စကိုလည်း နအဖက ပါးစပ်က ပြောပေမယ့်လည်း လက်တွေ့ကျတဲ့ လုပ်ငန်းတွေကို တကယ့်ပြည်တွင်းမှာ ဘာမှ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တာမရှိသေးတာကိုတွေ့ရတဲ့အတွက် ကျနော်တို့ကအမေရိကန်ပြည်ထောင်စုရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ကာ့တ်ကမ်ဘဲလ်ရဲ့ သုံးသပ်ချက်ကိုလုံးဝသဘောတူပါတယ်။ ဒီအခြေအနေပေါ်မှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ဒီထက်ပိုပြီးတော့ အာရုံစိုက်သင့်တယ်၊ ပြီးတော့တကယ်တမ်း နအဖကို တိကျတဲ့အချိန်ဇယားသတ်မှတ်ချက်နဲ့တိတိကျကျမေးမြန်းသင့်ပြီလို့ယူဆပါတယ်။”

အမေရိကန်အစိုးရဟာ နအဖကကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲအပေါ် စိုးရိမ် ပူပန်ကြောင်းလည်း ထုတ်ဖော် ပြောဆိုထားပါတယ်။

# ဦးအောင်ဆန်းဦးကကို သံဃာ့တပ်ပေါင်းစုက အိပ်ဖွင့်ပေးစာဖြင့် သတိပေး

DVB၊ ဂျန်နဝါရီ ၂၄ ။။ အကျယ်ချုပ်ဖမ်းဆီးခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အမှုကိစ္စနဲ့ အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးက တရားစွဲဆိုနေတဲ့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုက ဒီလ ၂၄ ရက်နေ့ ရက်စွဲနဲ့ ဦးအောင်ဆန်းဦးကို အိတ်ဖွင့်ပေးစာတစောင်ပေးပို့လိုက်ပါတယ်။

ဦးအောင်ဆန်းဦးအနေနဲ့ နှမဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားတဲ့အမှုတွေ၊ နေအိမ်ပြင်ဆင်မှုကို ပိတ်ပင်တားဆီးနေတာတွေ အားလုံးကို ဒီလ ၃၁ ရက်နေ့နောက်ဆုံးထားပြီး ခြွင်းချက်မရှိ ရုပ်သိမ်းဖို့၊ နအဖ စစ်အုပ်စုနဲ့ ပူးပေါင်းနေတာတွေကို ရပ်ဖို့ သံဃာ့တပ်ပေါင်းစုက တောင်းဆိုလိုက်ပါတယ်။ အဲ့ဒီအိတ်ဖွင့်ပေးစာမှာ ‘ဦးအောင်ဆန်းဦးက ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏မွေးကျေးဇူးကိုမှ မထောက်ထား၊ ပြည်သူလူထု၏ အကျပ်အတည်း ဒုက္ခမျိုးစုံခံစားနေရသည်ကိုမျက်ကွယ်ပြုကာ ပြည်သူများဘက်မှမရပ်တည်ဘဲစစ်အာဏာရှင်ဗိုလ်ချုပ်များအား အလုပ်အကျွေးပြုနေခြင်း၊ အသုံးချခံနေခြင်းများအတွက် မိမိတို့အထူးတလည် စိတ်ပျက်မိသည်’ လို့ဖော်ပြထားပါတယ်။ ဒီလို အမိန့်ကြေညာစာကို ပေးပို့ရတာနဲ့ပတ်သက်လို သံဃာ့တပ်ပေါင်းစုက အရှင်ဦးဇ ဝနက ခုလို မိန့်ကြားပါတယ်။

“တနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုက ဒီမိုကရေစီလှုပ်ရှားမှုအဆင့်ဆင့်ကနေပေါက်ဖွားလာတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာပြည်ဒီမိုကရေစီရရှိရေး အနှောင့်အယှက်အဟန့်အတားဖြစ်မယ့်ဥစ္စာတွေကို ဦးဇင်းတို့ကန့်ကွက်မှာဖြစ်ပါတယ်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီရရှိရေးအတွက်အပင်ပန်းအဆင်းရဲခံအနစ်နာခံပြီးတော့ လှုပ်ရှားနေတာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကိစ္စမှာ ဦးအောင်ဆန်းဦးအနေနဲ့ တမင်အနှောင့်အယှက်ပေးတဲ့ကိစ္စသက်သက်ဖြစ်တယ်။ မြန်မာ့ပြည်သူလူထုရဲ့ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အနှောင့်အယှက်ပေးတဲ့ဥစ္စာက ဦးဇင်းတို့ ဒီမိုကရေစီရရှိရေးအတွက် အနှောင့်အယှက်ပေးတာနဲ့အတူတူပဲလို့ ဦးဇင်း တို့ခံယူတဲ့အတွက်ကြောင့်မို့လို့ ဦးအောင်ဆန်းဦး သိစေဖို့ ဦးဇင်းတို့အမိန့်ကြေညာစာတန်းထုတ်ရခြင်းဖြစ်ပါတယ်။”

ဦးအောင်ဆန်းဦးအနေနဲ့ တရားစွဲဆိုထားတာတွေကို ဒီလ ၃၁ ရက်မှာမရုပ်သိမ်းဘဲ ရှေ့ဆက်လုပ်နေမယ်ဆိုရင် ဦးအောင်ဆန်းဦးရဲ့တမိသားစုလုံးကို သံဃာတော်တွေက ၂၀၀၇မှာကတည်းကပြုလုပ်ထားတဲ့ပတ္တနိက္ကုဇ္ဇနကံဆောင်တဲ့စာရင်းထဲကိုထည့်သွင်းလိုက်မှာဖြစ်တယ်လို့ သံဃာ့ တပ်ပေါင်းစုက အရှင်ဦးမေဓာဝီက မိန့်ပါတယ်။

“တကယ်လို့ သူနောက် မဆုတ်ခဲ့ဘူးဆိုရင်ပေ့ါ ၁ ရက်နေ့မှာ ဦးဇင်းတို့ ကံဆောင်မယ်၊ ကံဆောင်ပြီးတော့ သံဃာအားလုံးကို ပြည်တွင်း ပြည်ပရှိသမျှသံဃာအားလုံး အသိပေးပြီးတော့ ဦးအောင်ဆန်းဦးနဲ့ ဇနီးမောင်နှံမိသားစုပါအားလုံ သပိတ်မှောက်တဲ့အကြောင်းကို သံဃာတွေကိုအသိပေးပြီးတော့ ဦးဇင်းတို့ သပိတ်မှောက်လိုက်မှာပါ။”

၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးကြီးမှာ သံဃာတော်တွေကဗိုလ်ချုပ်မှူးကြီးသန်းရွှေအမှူးပြုတဲ့စစ်အာဏာရှင်တွေနဲ့ နောက်လိုက်အလိုတော်ရိအကြမ်းဖက်သမားတွေကို ဗုဒ္ဓဘာသာဝင်တွေအဖြစ် အသိအမှတ်မပြုဘဲ ပယ်ဖျက်ပြီး ပတ္တနိက္ကုဇ္ဇနကံဆောင်ခဲ့ကြတာဖြစ်ပြီး အခုထိလည်း ကံဆောင်နေတုန်းဖြစ်ပါတယ်။

# မင်္ဂလာဒုံမှာတိုက်လေယာဉ်တစင်းပျက်ကျလေယာဉ်မှူးသေဆုံး

VOA ၊ ဂျန်နဝါရီ ၂၂ ။။ မြန်မာစစ်အစိုးရလေတပ်ပိုင် တိုက်လေယာဉ်တဆင်း မင်္ဂလာဒုံမှာ ဒီကနေ့ ပျက်ကျသွားခဲ့ပြီး လေယာဉ်မှူးလည်းသေဆုံးသွားပါတယ်။ တရုတ်နိုင်ငံလုပ် F-7 II K အမျိုးအစားတိုက်လေယာဉ်ဟာ လေယာဉ်ပြေးလမ်းပေါ်အဆင်းမှာ အဆင်းဂီယာအလုပ်မလုပ်တဲ့အတွက် ပျက်ကျသွားတာလို့ မျက်မြင်တဦးကပြောပါတယ်။

တရုတ်နိုင်ငံလုပ် F-7 II K အမျိုးအစား ဂျက်တိုက်လေယာဉ်ဟာ ဒီကနေ့ မနက်ပိုင်း ၁၀ နာရီကျော်ကျော်လောက်မှာ မင်္ဂလာဒုံလေတပ်စခန်းကို ပြန်အဆင်းလေယာဉ်အဆင်းဂီယာ အလုပ်မလုပ်တော့ဘဲ ပျက်ကျသွားခဲ့တာလို့ မျက်မြင်သက်သေတဦးက ပြောပြပါတယ်။

"ဟုတ်ပါတယ်ခင်ဗျာ။ ခန့်မှန်းချေ ၁၀ နာရီ ၁၅ လောက်မှာပါ။ လေယာဉ်မှူးသေသွားတယ်။ လေယာဉ်ပျံလည်း ပြန်ဆွဲသွားပါပြီ။ ဒီမှာကျနော်တို့မြင်နေရတယ်။ လေယာဉ်ပျံပြန်ဆွဲသွားပါပြီ။ လူကတော့ သေတယ်ဆိုတာ သူတို့ပြောပြလို့သိရပါတယ်။ ညနေကဆွဲသွားတာတွေ့လိုက်ပါတယ်။ တပ်ကကားနဲ့ဘဲလာဆွဲသွားတာတွေ့လိုက်တယ်။ ဆယ်ဘီးကားကြီးနဲ့တာလဘတ်ကြီးအုပ်ပြီးတော့ ဒီညနေကျမှဆွဲသွားတယ်။ လေယာဉ်မှူးကဗိုလ်ကြီး၊ အသက် ၃၀ ကျော်လောက်ရှိမယ်။

အဆင်းမှာဖြစ်တာ၊ မကာည တပေတဝက်လောက်မှာ ကျနော်တွေ့လိုက်တာ မီးခိုးတွေနဲ့တွေ့လိုက်တယ်။ landing gear မကျဘူးဆိုတဲ့သဘောဖြစ်သွားတာ။ ဂီယာမကျတော့ သူပြန်ဆွဲတင်တာ ဆွဲတင်လို့မရတော့ဘူး။ ပြီးတော့ သူကလေထီးဖွင့်လိုက်တယ်၊ ဖွင့်လိုက်တော့ လူကထွက်သွားတယ်၊ လေယာဉ်ပျံကရှေ့ကိုဆက်သွားပြီး ခြံစည်းရိုးနဲ့ထိတော့လေယာဉ်ပျံကရပ်သွားတယ်။

လူနဲ့လေယာဉ်ပျံကပေ ၃၀ လောက်ကွာတယ်လို့ပြောပါတယ်။ လေထီးနဲ့သူဆင်းတယ်၊ ဒါပေမယ့် လေထီးကမပွင့်ဘူး၊ အပေါ်ကို ပေ ၂၀ လောက်တက်သွားတယ်လို့ပြောတယ်။ ပြီးတော့ အဲဒီကပြုတ်ကျသွားတာ၊ အသားတွေ အကုန်လုံးနာသွားတယ်ပြောတယ်၊ မျက်နှာတွေစုတ်ပြတ်သွားတယ်၊ အဲဒီမှာတင်ဘဲ ငုတ် တုတ်သေတယ်လို့ပြောတယ်။"

အဲဒီဂျက်လေယာဉ်ပေါ်ပါလာတဲ့ လေယာဉ်မှူး ဗိုလ်ကြီးပြည့်ဖြိုးမျိုးကလွဲလို့ မြေပြင်မှာတခြားထိခိုက်ဒဏ်ရာရတဲ့သူမရှိပေမယ့် လေယာဉ်နဲ့တိုက်မိပြီး လေဆိပ်ခြံစည်းရိုးတော့ ပျက်ဆီးသွားတယ်လို့ အဲဒီမျက်မြင်သက်သေကပြောပါတယ်။ ညနေစောင်းပိုင်းမှာတော့ လေယာဉ်ပျက်ကျခဲ့တဲ့နေရာကိုပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးကိုယ်တိုင်လာရောက်စစ်ဆေးပြီး ပျက်သွားတဲ့ခြံစည်းရိုးကို ညတွင်းချင်း ချက်ချင်းပြန်ပြင်ခိုင်းတယ်လို့ အဲဒီမျက်မြင်သက်သေက ဆက်ပြောပါတယ်။

"ဒီနေ့ ညတွင်းချင်းအပြီးလုပ်ဘို့၊ ပို့ဆက်ဝန်ကြီးက လုပ်ခိုင်းထားတယ်ပြောတယ်။ ပို့ဆက်ဝန်ကြီးလည်းရောက်နေပြီ၊ ဝန်ကြီးကညနေပိုင်း အခုလေးတင်ဆင်းသွားတာ၊ သိပ်မကြာသေးဘူး။"

တရုတ်နိုင်ငံလုပ် F-7 II K အမျိုးအစား ဂျက်တိုက်လေယာဉ် မင်္ဂလာဒုံလေတပ်စခန်းအနီးမှာ ဒီကနေ့ပျက်ကျသွားခဲ့တာနဲ့ပတ်သက်လို့ မျက်မြင်သက်သေတဦးက ပြောပြသွားတာဖြစ်ပါတယ်။

မြန်မာစစ်အစိုးရဟာ ၁၉၈၉ ခုနှစ်လောက်ကစပြီး တရုတ်နိုင်ငံကနေ အခု ပျက်ကျခဲ့တဲ့ ဂျက်တိုက်လေယာဉ် F-7 II K အမျိုးအစားအပါအဝင် A-5 II K ဂျက်တိုက်လေယာဉ်အမျိုးအစားတွေကို အသုတ်လိုက်ဝယ်ယူခဲ့တာပါ။ ဒါပေမယ့် တရုတ်နိုင်ငံကဝယ်ယူခဲ့တဲ့ အဲဒီ ဂျက်တိုက်လေယာဉ်တွေဟာ အခုချိန်မှာ ခေတ်သိပ်မမီတော့တဲ့အပြင် လေယာဉ်မှူးတွေကို စနစ်တကျသင်တန်းပို့ချပေးခြင်းမရှိဘူးလို့ ထိုင်းနိုင်ငံအခြေစိုက် ဒီမိုကရေစီနဲ့ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုက သုတေသနနဲ့မှတ်တမ်းတာဝန်ခံဦးဌေးအောင်ကအခုလိုပြောပါတယ်။

"အခု မြန်မာစစ်အစိုးရက တရုတ်ဆီကဝယ်ယူတဲ့ လေယာဉ်အမျိုးအစားတွေက ခုခေတ်အဆိုအရဆိုရင် သိပ်ခေတ်မမီတော့ဘူး။ နောက်တခုက တရုတ်နိုင်ငံဝယ်ယူတုန်းကာလကတည်းက ဒီလေယာဉ်ပျံတွေက အသစ်တွေမဟုတ်ဘဲနဲ့ အဟောင်းတွေကိုဈေးပေါပေါနဲ့ဝယ်ယူတဲ့ အမျိုးအစားတွေဖြစ်တယ်။ မြန်မာလေသူရဲတွေကို ကောင်းကောင်းလေ့ကျင့်ပြီး ပျံသန်းပေးထားတဲ့ပုံစံမျိုးလည်းမ တွေ့ရတော့ ဒီလေယာဉ်ပျံတွေကို မြန်မာ့တပ်မတော်မှာ တချို့လေသူရဲတွေအနေနဲ့မောင်းရဘို့ အင်မတန်ကို စိုးရိမ်ထိတ်လန့်တယ်ဆိုတဲ့သတင်းတွေလည်း ကျနော်တို့ကြားနေရတာရှိတယ်။

အဲဒါကြောင့်လေယာဉ်မှူးတွေအသက်ကိုတန်ဘိုးမထားဘဲလေယာဉ်ကိုတန်ဘိုးထားနေတဲ့ မြန်မာစစ်အစိုးရခေါင်းဆောင်တွေမှာ ဒီလေယာဉ်မှူးတွေသေဆုံးရတဲ့အတွက်ကြောင့် တာဝန်ရှိတယ်လို့ ကျနော်တော့ထင်ပါတယ်။"

ဒါကြောင့်လည်း ဒီဂျက်တိုက်လေယာဉ်တွေ မကြာခဏဆိုသလို ပျက်ကျခဲ့တာမှာ ဒီကနေ့ပျက်ကျတဲ့ ဂျက်တိုက်လေယာဉ်နဲ့ပါဆို ၁၀ စင်းရှိပြီလို့ဆိုပါတယ်။

"၁၉၈၉ ခုနှစ်လောက်ကစပြီး ဂျက်တိုက်လေယာဉ်ပျံတွေက မြန်မာပြည်မှာလေ့ကျင့်ပျံသန်းရင်းနဲ့ပျက်ကျနေတာတွေကို ကျနော်တို့မှတ်တမ်းမှတ်ရာတွေအရသိရတာရှိတယ်။ အခုနောက်ဆုံးရတဲ့ ရန်ကုန်မှာလေယာဉ်ပျက်ကျတယ်ဆိုတဲ့ အထောက်အထားအရဆိုရင်တော့ တရုတ်နိုင်ငံကဝယ်ယူတဲ့ လေယာဉ်အနည်းဆုံး ၁၀ စီးလောက်အထိ မြန်မာပြည်မှာပျက်ဆီးသွားပြီလို့ကျနော်တို့ပြောနိုင်ပါ တယ်။"

မြန်မာစစ်တပ်က တရုတ်နိုင်ငံကနေဝယ်ယူခဲ့တဲ့ တိုက်လေယာဉ်ပေါင်း ခု ချိန်အထိ အစီး ၅၀ လောက်ရှိနေပြီလို့ဆိုပါတယ်။ ဒါ့အပြင် အမေရိကန်ဒေါ်လာသန်း ၅၇၀ လောက်တန်ဘိုးရှိတဲ့ ရုရှားလုပ် MIG-29 အမျိုးအစားတိုက်လေယာဉ်အစီး ၂၀ ဝယ်ယူဘို့လည်း မြန်မာစစ်အစိုးရက ပြီးခဲ့တဲ့ဒီဇင်ဘာလကုန်ပိုင်းမှာ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။

# ဗကသမှ စကားစစ်ထိုးပွဲတရပ် ကျင်းပ

RFA ၊ ဂျန်နဝါရီ ၂၃ ။ ။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗကသ နိုင်ငံခြားရေးရာကော်မတီက ကမကထပြုပြီး ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့မှာရှိတဲ့ မြန်မာစာသင်အထက်တန်းကျောင်းတွေက ကျောင်းသားတွေအတွက် စကားစစ်ထိုးပွဲတရပ်ကို ဂျန်နဝါရီလ ၂၃ ရက်နေ့ ညနေပိုင်းမှာ ကျင်းပပြု လုပ်ခဲ့ပါတယ်။

ဗကသ နိုင်ငံခြားရေးရာကော်မတီက Debate for our Society လူထုအတွက် စကားစစ်ထိုးသူများအစီအစဉ်ကို မြန်မာကလေးသူငယ်များ ပညာရေးထောက်ပံ့မှုအစီအစဉ် ဗွတ္တာ အဆောင်မှာနေတဲ့ အထက်တန်းကျောင်းသားတွေကို သုံးလကြာဆွေးနွေးငြင်းခုံတဲ့ စကားစစ်ထိုးခြင်းယဉ်ကျေးမှုကို လေ့ကျင့်ပေးခဲ့ပါတယ်။ အဲဒီလို လေ့ကျင့်ထားတဲ့ကျောင်းသားတွေကို အခုအခါ လူအများရှေ့မှာ ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲကျင်းပခဲ့တာဖြစ်ပါတယ်။

ဒီပွဲကျင်းပရတာဟာ မြန်မာ့ပညာရေးစနစ်မှာ ကျောင်းသားတွေအချင်းချင်းဆွေးနွေးငြင်းခုံခဲ့တာမျိုးမရှိတဲ့အတွက် မှားတဲ့အချက်တွေကို ထောက်ပြနိုင်စွမ်းမရှိခဲ့သလို ပြင်ပလူမှုဘဝရပ်တည်တဲ့အခါမှာလည်း အမှားအမှန်ဝေဖန် ထောက်ပြနိုင်စွမ်းလျော့နည်းလာတဲ့အတွက် အဲဒီလိုအခြေအနေမျိုးတွေကိုကျော်လွှားနိုင်ဘို့ ဒီပွဲကိုပြုလုပ်ရတာလို့ လူထုအတွက်စကားစစ်ထိုးသူများ အစီအစဉ်ရဲ့ ဒါရိုက်တာကိုသွင်လင်းအောင်က ပြောကြားပါတယ်။

အခုပြုလုပ်တဲ့ စကားစစ်ထိုးပွဲခေါင်းစဉ်က 'ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသူကျောင်းသားများသည် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ကျောင်းများထက် ဒေသတွင်းရှိ ကျောင်းများတွင်သာ ပညာသင်ကြားသင့်သည်'ဆိုတဲ့ခေါင်းစဉ်ကို အဆိုပြုသူဘက်နဲ့ ငြင်းခုံဘက် အဖွဲ့နှစ်ဖွဲ့ခွဲပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။

# ကေအဲန်ယူခေါင်းဆောင် ဗိုလ်ချုပ်မြ အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ

DVB ၊ ဂျန်နဝါရီ ၂၀ ။ ။ ကွယ်လွန်သူ ကရင်အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်ကြီးစောဘိုမြကို အမှတ်ရတဲ့အနေနဲ့ ဒီနေ့ကျရောက်တဲ့ သူမွေးနေ့မှာ မိသားစုဝင်တွေက အောက်မေ့ဖွယ် အခမ်းအနားပြုလုပ်ကြပါတယ်။

ထိုင်းနိုင်ငံနယ်စပ် မဲဆောက်မြို့ ဗိုလ်ချုပ်ကြီးစောဘိုမြနေအိမ်မှာပဲ ကရင်အမျိုးသားခေါင်းဆောင်တွေ မိသားစုဝင်တွေနဲ့ ဒေသခံထိုင်းအာဏာပိုင်တွေက ကရင်အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်ကြီးစောဘိုမြနဲ့သူ့ရဲ့သားနေကော်မြတို့ကို အောက်မေ့တဲ့အနေနဲ့ ဒီအခမ်းအနားကို ဆောင်ရွက်ကြတာပါ။ အခမ်းအနားကို မနက် ၈ နာရီကနေ ၁၁ နာရီအထိ ကျင်းပပါတယ်။ အခမ်းအနားကို ကြွရောက်တဲ့ ကရင်ဘုန်းတော်ကြီးတပါးက ဗိုလ်ချုပ်ကြီးစောဘိုမြရဲ့ စွမ်းဆောင်ခဲ့မှုတွေ အကြောင်းကို မိန့်ကြားသွားပါတယ်။ ကရင်အမျိုးသားအစည်းအရုံး တွဲဘက်အတွင်းရေးမှူး ၂ ပဒိုစောဒေါ်လေးမူကလည်း ကရင် တော်လှန်ရေး လုပ်ဆောင်နေတဲ့ တပ်သားတွေ၊ အဖွဲ့ဝင်တွေကို အားပေးစကား ပြောကြားပါတယ်။

"ဒီနေ့ ကျနော်အားပေးစကား ပြောကြားလိုတာကတော့ ကျနော်တို့ခေါင်းဆောင်စောဘဦးကြီးနဲ့ ဗိုလ်ချုပ်ကြီးမြတို့ရဲ့ ကရင်အမျိုးသားတွေကို မှာကြားခဲ့တဲ့စကားတွေပါ။ ကျနော်တို့ခေါင်းဆောင်စောဘဦးကြီး မကျဆုံးခင် နေ့ဂက်ဆုံးဖာပွန်ကွန်ဂရက်မှာပြောသွားတာက ကရင်တော်လှန်ရေးဟာဒါပထမဦးဆုံးအကြိမ်နဲ့နောက်ဆုံးအကြိမ်ဖြစ်ပါတယ်။ ဒီတော်လှန်ရေးက ကရင်လူထုတွေကို ဖိနှိပ်ချုပ်ချယ်မှုကနေလွတ်မြောက်စေဖို့ ပြုလုပ်တာဖြစ်တဲ့အတွက် ဖိနှိပ်မှုကနေ လွတ်မြောက်သည်အထိ တစိုက်မတ်မတ်လုပ်ဆောင်သွားမယ်။ ဒီလိုလုပ်ဆောင်နေတဲ့ ကာလမှာ အခက်အခဲတွေ ကြုံတွေ့နေရပေမယ့် ရန်ကုန်ဆင်းပြီး လည်စင်းမခံသရွေ့ ကရင်တော်လှန်ရေးဟာ ကျဆုံးမှာမဟုတ်ဘူးလို့ စောဘဦးကြီး က ပြောခဲ့ပါတယ်။ အလားတူ ကျနော်တို့ အင်အားနည်းနေပေမယ့် အရှုံးမပေးသရွေ့ ကရင်တော်လှန်ရေးဟာ ဘယ်တော့မှ ရှုံးနိမ့်မှာမဟုတ်ဘူးလို့ ဗိုလ်ချုပ်ကြီးစောဘိုမြက ပြောကြားခဲ့ပါတယ်။"

ဒါ့အပြင် ဗိုလ်ချုပ်ကြီးစောဘိုမြရဲ့ သားတဦးဖြစ်တဲ့ ဗိုလ်မှူးစောနယ်ဒါးမြကလည်း သူ့ဖခင်ဟာ ဘယ်အရာပဲလုပ်လုပ် ဘုရားရှင်ကို ရှေ့တန်းထားသူ၊ ဆက်ဆံရေးကောင်းပြီး ဘယ်နေရာ ရောက်ရောက် လူမျိုးပေါင်းစုံနဲ့ ဆက်ဆံနိုင်သူ၊ အလုပ်တခုကိုလည်း အမှားအမှန်တည်တည်ကြည်ကြည် ဆုံးဖြတ်သူဖြစ်သလို မျိုးဆက်သစ် ခေါင်းဆောင်တွေကို သူရောက်တဲ့နေရာတိုင်းမှာ မွေးထုတ်ပေးနိုင်သူဖြစ်တယ်လို့ အခမ်းအနားမှာ ပြောကြားပါတယ်။ ဗိုလ်ချုပ်ကြီးစောဘိုမြ ရည်မှန်းထားခဲ့တဲ့ လွတ်လပ်ရေး တိုက်ပွဲတာဝန်ကို ဆက်လက်ထမ်းဆောင်နေတယ်လို့ ဗိုလ်မှူးစောနယ်ဒါးမြက ပြောပါတယ်။ "

ဒီနေ့ကတော့ ကျနော်တို့ Ceremony (အခမ်းအနား)လုပ်တာ ကျနော်တို့ အဖေလုပ်ထားတဲ့အလုပ်တွေကို ကျနော်တို့ သတိရတယ်လေ၊ သူတို့ညွှန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ပြန်ပြီးတော့ဆက်လုပ်မယ်၊ အဖေ့အတွက် အဖေရှိရင် ကျနော်သူ့ကိုပြောမယ်၊ အဖေလုပ်တဲ့လုပ်ငန်းတွေအောင်မြင်ဖို့ ကျနော်ဆက်ပြီးတော့လုပ်မယ်။"

အခမ်းအနားကို တက်ရောက်တဲ့ ကရင်ကလေးငယ်နှစ်ဦးကလည်း ဗိုလ်ချုပ်စောဘိုမြဟာ တော်လှန်ရေးရဲ့ဖခင်ဖြစ်တဲ့အတွက် လေးစားကြောင်းနဲ့ သူကြီးလာရင်ဗိုလ်ချုပ်စောဘိုမြနည်းတူလုပ်ဆောင်သွားမယ်လို့ ပြောကြားပါတယ်။

"ဗိုလ်ချုပ်မြက ကရင်လူမျိုးလွတ်မြောက်ဖို့အတွက် တော်လှန်ရေးရဲ့ဖခင်ကြီးတယောက်ဖြစ်တယ်၊ ပြီးတော့ လေးစားတယ်၊ ကရင်အမျိုးသားမှာ ဒီလိုမျိုးခေါင်းဆောင်ရှိတဲ့အတွက် ဂုဏ်ယူတယ်၊ အဲဒီတော့ တော်လှန်ရေးထဲကိုဝင်မယ်လို့လည်းစိတ်ကူးထားတယ်၊ ၁၀တန်းအောင်ရင်တော်လှန်ရေးလုပ်မယ်၊ လူငယ်တွေကိုတော့ကိုယ့်ရဲ့လူမျိုးကိုချစ်ရမယ်၊ ကိုယ်ဘယ်နေရာပဲရောက်ရောက် ကိုယ်တတ်တဲ့ပညာနဲ့ တတ်စွမ်းသလောက် ကူညီကြပါလို့ ပြောချင်ပါတယ်။"

အမျိုးသမီးကလေးငယ် တဦးကလည်း … "ဒီရောက်တဲ့ အထိပေ့ါနော် ဗိုလ်ချုပ်မြက သမီးတို့အပေါ်မှာနဲ့ နိုင်ငံသားတွေကိုချစ်တယ်၊ သူက နိုင်ငံအတွက် ကျွန်ဘဝကနေ လွတ်မြောက်အောင် သူ့အသက်ပေးခဲ့တယ်၊ အသက်ပေးတဲ့ လူတွေကိုကြည့်ပြီးတော့ အားကျမိတယ်၊ သမီးတို့လည်း အဲဒီလိုမျိုး ဖြစ်ချင် တယ်။"

ဗိုလ်ချုပ်ကြီးစောဘိုမြတင်သာမက တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားတဲ့ သူ့ရဲ့သားစောနေကော်မြရဲ့ အောက်မေ့ဖွယ် အခမ်းအနားကိုပါ ဒီနေ့ပူးပေါင်းလုပ်ဆောင်တာဖြစ်ပါတယ်။ ဒီအောက်မေ့ဖွယ်အခမ်းအနားကို လူဦးရေ ၂၀၀ လောက် တက်ရောက်ခဲ့ကြပါတယ်။

# ဒေါ်စုနဲ့နအဖဆက်ဆံရေးဝန်ကြီးတွေ့ဆုံ

RFA ၊ ဂျန်နဝါရီ ၂၀ ။ ။ နေအိမ်အကျယ်ချုပ်ကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့မြန်မာစစ်အစိုးရဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်တို့ ဂျန်နဝါရီ ၁၅ ရက်နေ့က ၂၀၁၀ ပြည့်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ပါတယ်။

ဒီတွေ့ဆုံမှုဟာပြီးခဲ့တဲ့နှစ်နိုင်ဝင်ဘာလထဲကဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ဒုတိယမြောက်စာပေးပို့အပြီး ဦးအောင်ကြည်နဲ့ ဒုတိယတွေ့ဆုံမှုလည်းဖြစ်ပါတယ်။ ပထမတွေ့ဆုံမှုအပြီး အသက်အရွယ်ကြီးလို့ နေအိမ်မှာနေကြရတဲ့ အဖွဲ့ချုပ်ခေါင်းဆောင် ၃ ဦးကို တွေ့ဆုံခွင့်ရရှိခဲ့ပါတယ်၊ ဒီလိုတွေ့ဆုံအပြီး ၂ ရက်မြောက်တဲ့နေ့ ပြီးခဲ့တဲ့ဂျန်နဝါရီ ၁၇ ရက် တနင်္ဂနွေနေ့က ဂျပန်နိုင်ငံမှာပြုလုပ်တဲ့ညီလာခံတခုမှာ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Katsuya Okadaနဲ့မြန်မာစစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းတို့တွေ့ဆုံရာမှာ ဒေါ်အောင်ဆန်းစုကြည်လွတ်ပေးရေးကိစ္စ ရွေးကောက်ပွဲ တရားမျှတရေးနဲ့ လွတ်လပ်မှုရှိရေးကိစ္စတွေ ပါဝင်ခဲ့ပါတယ်။

စစ်အစိုးရဝန်ကြီးဦးဉာဏ်ဝင်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအနေနဲ့ အခုရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်လိမ့်မယ်လို့ သူ့အနေနဲ့မျှော်လင့်ထားပါတယ်လို့ ပြောကြားခဲ့တဲ့အကြောင်း ဂျပန်အစိုးရနိုင်ငံခြားရေးဌာနကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးအောင်ကြည်တို့တွေ့ဆုံမှုအကြောင်းရင်း၊ နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းရဲ့မှတ်ချက်နဲ့ စစ်အစိုးရရွေးကောက်ပွဲဥပဒေ၊ ဒေါ်အောင်ဆန်းစုကြည်အမှုပြင်ဆင်ချက်ကိစ္စစတဲ့ကိစ္စရပ်တွေဟာ လတ်တလော သို့လောသို့လောဖြစ်နေပါတယ်။

ဒီလိုကာလမှာဘဲ ဂျန်နဝါရီလ ၁၉ ရက်၊ အင်္ဂါနေ့က ဝါရှင်တန်ဒီစီ သတင်းစာရှင်းလင်းပွဲမှာအမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က စစ်အစိုးရအဆင့်မြင့်အရာရှိပိုင်းနဲ့ မကြာခင်မှာတွေ့ဆုံ ဘို့စီစဉ်နေတယ်လို့ ပြောကြားလိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရဆက်ဆံရေးကိစ္စတွေကိုလည်း တိုးတက်မှုတွေအဖြစ် သုံးသပ်ပြောကြားခဲ့ပါတယ်။

မြန်မာ့အရေးလေ့လာသူတွေကတော့ လောလောဆယ်အခြေအနေဟာ မြန်မာနိုင်ငံအနာဂတ်ရေးအတွက် ပါးပါးနပ်နပ်ကိုင်တွယ်ဘို့လိုတဲ့ အရေးကြီးတဲ့ကာလပါလို့ ပြောကြပါတယ်။ မြန်မာ့နိုင်ငံရေးပြဿနာပြေလည်ရေးအမျိုးသားရင်ကြားစေ့ရေးနဲ့ နှစ်ဘက် ရှုဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်မယ့် အခြေအနေမျိုးအတွက် အရေးပါတဲ့အဓိကသော့ချက် ၃ ချက်ရှိတယ်လို့ သုံးသပ်ကြပါတယ်။

# ဒီမိုကရေစီလမ်း လျှောက်လှမ်းကြတော့မည်ဆိုလျှင်

ကျော်ကျော်စိုး

ဤခုတလော ဂျပန်နိုင်ငံတွင်း၌ အာဏာရဒီမိုကရက်တစ်ပါတီဥက္ကဌလည်းဖြစ် ဝန်ကြီးချုပ်လည်းဖြစ်သည့် ယုကီအို ဟာတိုးယာမနှင့်အတွင်းရေးမှူး အိချိရိုအိုဇာဝါတို့နှင့်ဆက်နွယ်နေသော နိုင်ငံရေးရံပုံငွေအရှုပ်တော်ပုံဇာတ်လမ်းက လူပြောများရေပန်းစားနေသည်။ ဤအဖြစ်အပျက် အခြေအနေများက ဒီမိုကရေစီလျှောက်လှမ်းကြမည့်နိုင်ငံများမှ ပြည်သူများအတွက် မှတ်သားစရာ သင်ခန်းစာယူစရာများဖြစ်သည်ကို တွေ့ရသည်။ ဆင်ခြင်စရာ အဖြစ်ဖြင့်လည်း မှတ်ယူ၍ရသည်။

အဆိုပါခေါင်းဆောင်များ၏နိုင်ငံရေးရံပုံငွေအဖွဲ့၏စာရင်းကို ကိုင်တွယ်သူများက မမှန်မကန်လုပ်သည်၊ လိမ်လည်ထားသောစာရင်းများကိုပြသထားသည်၊ စီးပွားရေးလုပ်ငန်းများမှငွေများကို တရားမဝင်လက်ခံသည်၊ မိမိတို့ရရှိသောငွေများကို စာရင်းမှန်မတင်ပဲ ထိန်ချန်ထားသည် ဟူသောစွဲချက်များဖြင့် လွှတ်တော်တွင်းနှင့်လွှတ်တော်ပြင်ပတို့၌ ပြောဆိုဝေဖန်နေကြသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်နေရသနည်း။

နိုင်ငံရေးဆိုသည်မှာ အများအတွက် အဓိကဦးစားပေးလုပ်ဆောင်ရသော အလုပ်ဖြစ်သည်။ အများအတွက်ဟူသော အမည်ခံ၍ ကိုယ်ကျိုးရှာခြင်းကို ခွင့်မပြုသောကြောင့်ဖြစ်သည်။ မိမိတို့ရရှိထားသောနိုင်ငံရေးအာဏာနိုင်ငံရေးအရှိန်အဝါ လူထုကိုယ်စားပြုမှုဟူသောအချက်ကိုအသုံးပြုကာ ကိုယ်ကျိုးရှာခြင်းနှင့်ပတ်သက်၍ ဒီမိုကရေစီထွန်းကားသော နိုင်ငံများတွင် ဥပဒေများပြဌာန်းပြီး အတိအကျအတိအလင်း ကန့်သတ်ထားသည်။ ဤသည်ကို မည်သူမျှချိုးဖောက်၍မရ၊ ဖောက်ဖျက်မှုရှိပါက စုံစမ်းစစ်ဆေးခံရမည်ဖြစ်ပြီး ကျူးလွန်ကြောင်းခိုင်လုံပါက တရားရုံးတင်စွဲချက်ခံရမည်ဖြစ်ပြီး အပြစ်ရှိကြောင်းဆုံးဖြတ်ပါက အပြစ်ပေးခံရမည်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံများတွင် ထိုကဲ့သို့သောသတင်းသဲ့သဲ့ထွက် လာပါက မီဒီယာများက စုံစမ်းဖော်ထုတ်ကြသလို ပြည်သူ့ဝန်ထမ်းများဖြစ်သော စုံစမ်းစစ်ဆေးရေးအရာရှိများက ထိုသို့သောကိစ္စများနှင့်ပတ်သက်ဆက်နွယ်နေသူများ၊ နိုင်ငံရေးသမားများ၊ အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများ စသည့် မည်သူ့ကိုမဆို ခေါ်ယူမေးမြန်းပိုင်ခွင့်ရှိပေသည်။ ဤသို့သောအခြေအနေများရှိခြင်းကို တရားဥပဒေစိုးမိုးမှုရှိသည်ဟုခေါ်သည်။ ဥပဒေအထက်တွင် မည်သူတဦးတယောက်မျှမရှိရ ဆိုသည့်အချက်ကိုပေါ်လွင်စေသည်။ ဒီမိုကရေစီထူထောင်ရေးနှင့်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်ကြိုးပမ်းနေသောနိုင်ငံများအတွက် အသက်တမျှအရေးကြီး သောလုပ်ငန်းစဉ်တခုဖြစ်သည်။

အာဏာရပါတီတွင်း ထိုကဲ့သို့အခြေအနေနှင့်ရင်ဆိုင်ရမှုများ အစိုးရအဖွဲ့၏ပေါ်လစီများကိုလက်တွေ့အကောင်အထည်ဖော်မှုများနှင့်ပတ်သက်၍ လူထုသဘောထားများ၊ ထင်မြင်ချက်များကိုမီဒီယာ၊ သီးခြားလွတ်လပ်သောအဖွဲ့အစည်းများကမေးမြန်းကြသည်။စစ်တမ်းကောက်ယူကြသည့်အကြောင်း အရာ ကိစ္စရပ်များအပေါ် လူထု၏တုံ့ပြန်ချက်များကို အစီရင်ခံထုတ်ပြန်ကြသည်။ ဤသည်က ဒီမိုကရေစီထွန်းကားသောနိုင်ငံများတွင် ပုံမှန်လုပ်ဆောင်နေကြသည့်အလုပ်ဖြစ်သည်။ မိမိ၏လုပ်ဆောင်ချက်များနှင့်ပတ်သက်၍အများအမြင်၊ အများ၏သဘောထား၊ အများ၏ဝေဖန်မှုများကို သိရှိရခြင်းသည်အနုတ်လက္ခဏာမဖြစ်ပေ၊ မိမိ၏အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်၊ မျှော်မှန်းတွက်ဆချက်၊ အမြင်ကျယ်မှု၊ သတိမမူမှုများကို ပိုမိုပေါ်လွင်စေသည့်အတွက် ပြင်ဆင်ပြောင်းလဲရန်လိုမလို ဆိုသည်ကို စဉ်းစားတွေးတောမှုကို ဖြစ်စေသည်။ ထို့ကြောင့် အနုတ်လက္ခဏာဖြစ်ခြင်းထက် အပေါင်းလက္ခဏာကိုဆောင်ကြဉ်းသည်။

ထိုကဲ့သို့သော လူထုသဘောထားစစ်တမ်းများက အစိုးရ၏လုပ်ငန်းဆောင်တာများ အောင်မြင်စွာလုပ်ဆောင်နိုင်ရေးနှင့် စီးပွားရေးမူဝါဒများနှင့်လက်တွေ့ဖော်ဆောင်မှုများအပေါ် အကျိုးသက်ရောက်မှုများရှိစေသည့်အပြင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများ၏ ရှေ့အလားအလာများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုဖြစ်စေသည်။ လူထု၏သဘောထားအမြင်များကို ဒီမိုကရေစီထွန်းကားသောနိုင်ငံများတွင် အလေးထားကြသည်။ ထို့ကြောင့်အများအကျိုးကို အမှန်တကယ်ထမ်းဆောင်လိုသောနိုင်ငံရေးသမားများအရည် အချင်းပြည့်မီသောနိုင်ငံရေးသမားများသည် လူအများ၏သဘောထား၊ ပြည်သူလူထု၏အသံကိုနားထောင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီတွင် ပြည်သူလူထုသည်အာဏာအရှိဆုံးဖြစ်သောကြောင့်တည်း။

ယနေ့လက်ရှိကမ္ဘာပေါ်တွင် ကိုယ်စားပြုဒီမိုကရေစီစနစ်ကို ကျယ်ပြန့်စွာလက်ခံကျင့်သုံးနေပြီး သတ်မှတ်ထားသော အချိန်ကာလတခုအတွက်ပြည်သူလူထု၏ကိုယ်စား ပြည်သူ့အကျိုးနှင့်နိုင်ငံအကျိုးကို ထမ်းဆောင်မည့်သူများကို ပြည်သူလူထုက လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများမှတဆင့်မဲပေးရွေးချယ်ကြလေသည်။ ထိုကဲ့သို့သော ရွေးကောက်ပွဲရလဒ်များနှင့်အညီ ရွေးချယ်ခံရသောပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံ၊ ဒေသအရေးအရာကိစ္စများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ဤသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ အတိအလင်းအခိုင်အမာဖော်ပြထားကြသည်။

ဤနေရာတွင် သတိပြုရန်လိုအပ်သည့်အချက်မှာ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဆိုသည်မှာ ငြိမ်းချမ်းစွာဖြင့် လွတ်လပ်စွာဖြင့်မိမိမဲပေးရွေးချယ်ချင်သူကို မဲပေးရွေးချယ်နိုင်ခြင်းကိုသာဆိုလိုခြင်းမဟုတ် ဆိုသည့်အချက်ကိုနားလည်ရန်ပင်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဆိုသည်မှာ အဘယ်နည်းဆိုသည်ကို မေးခွန်းထုတ်ရန်လိုအပ်လာပြီဖြစ်ပေသည်။ နိုင်ငံသားများက မိမိတို့၏နိုင်ငံရေးဆန္ဒ၊ ခံယူချက်၊ ရည်မှန်းချက်တူသူများဖြင့် နိုင်ငံရေးပါတီများကို လွတ်လပ်စွာဖွဲ့စည်းထူထောင်နိုင်သည့်အခြေအနေ ရှိရမည်ဖြစ်သည်။ နိုင်ငံနှင့်ပြည်သူပြည်သားများနှင့်ပတ်သက်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးကိစ္စများအတွက်မိမိတို့ပါတီ၏သဘောထား၊ မူဝါဒ၊ ခံယူချက်၊ အကောင်အထည်ဖော်မည့်နည်းလမ်းစသည်များကို အများပြည်သူများသိရှိနားလည်စေရန် ရှင်းလင်းဟောပြောစည်းရုံးသိမ်းသွင်းနိုင်သည့်အခြေအနေရှိရမည်ဖြစ်သည်။ ထိုသို့သော အခြေအနေသာမက စည်းရုံးလှုံ့ဆော်မှု၊ မဲဆွယ်မှုများအတွက် လုံလောက်သော အချိန်ကာလလည်းရှိရမည်ဖြစ်သည်။

ပြည်သူလူထုကလည်း မိမိတို့စိတ်ဝင်စားသော အားပေးသောပါတီ၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကူညီပံ့ပိုးခြင်း၊ ထောက်ပံ့ခြင်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ရမည့်အပြင် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍သော်လည်းကောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍သော်လည်းကောင်းသိရှိလိုသော သတင်းအချက်အလက်များကို စုဆောင်းရယူသိရှိနိုင်သည့်အခြေအနေရှိရမည်ဖြစ်သည်။ နိုင်ငံရေးပါတီမဟုတ်သည့် NGO များ၊ ပြည်သူ့ရေးရာအဖွဲ့အစည်းများကလည်း ရွေးကောက်ပွဲနှင့်ပတ်သက်၍သော်လည်းကောင်း၊ မဲပေးမှုနှင့်ပတ်သက်၍သော်လည်းကောင်း ပြည်သူလူထုအား ဗဟုသုတဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းစသည့် လူထုအကျိုးပြုလုပ်ငန်းများကို လွတ်လပ်စွာဖြင့်လုပ်ဆောင်နိုင်သည့်အခြေအနေရှိရမည်ဖြစ်သည်။

ပြည်သူ့ကိုယ်စားလှယ်အဖြစ် ကိုယ်စားပြုပိုင်ခွင့်နှင့်ပတ်သက်၍ နိုင်ငံသူနိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရှိခြင်း၊ နိုင်ငံရေးပါတီများမဲဆွယ်ခွင့်၊ စည်းရုံးလှုံ့ဆော်ခွင့်၊ ပါတီလုပ်ငန်းများလုပ်ဆောင်ခွင့်များ လွတ်လပ်စွာနှင့်တန်းတူလုပ်ဆောင်နိုင်သည့်သတ်မှတ်ချက်များရှိရမည်။ အာဏာရပါတီများနှင့်အတိုက်အခံပါတီများအကြား ရေဒီယို၊ ရုပ်မြင်သံကြားသုံးစွဲစည်းရုံးခွင့် တန်းတူရှိစေခြင်းနှင့်ဘက်လိုက်မှုများနှင့် မျက်နှာသာပေးမှုမရှိစေရန်အပါအဝင် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းစသည်များကို လူအများသိရှိစေရန် အချိန်မီအတိအလင်းထုတ်ပြန်ကြေညာမှု

# နအဖစစ်တပ်က သတ်ဖြတ်နှိပ်စက်မှုကြောင့် တိုင်းရင်းသားများထွက်ပြေးရ

**DVB** ၊ ဂျန်နဝါရီ ၂၀ ။ ။ မြန်မာစစ်အစိုးရရဲ့ စစ်တပ်က သတ်ဖြတ်နှိပ်စက်မှုကြောင့် ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းမှာတင် ကရင်တိုင်းရင်းသား နှစ်ထောင်ကျော် နေအိမ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ဒုက္ခသည်တွေကို ကူညီနေတဲ့ ဖရီးဘားမားရိန်းဂျားအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ပါတယ်။

နအဖစစ်တပ်က ကရင်ရွာသားတချို့ကို သေနတ်နဲ့ပစ်သတ်၊ အိမ်တွေကိုမီးရှို့၊ ရွာသားတွေကိုဖမ်းဆီးပြီး ပေါ်တာအထမ်းသမားလုပ်ခိုင်းမှုတွေ ပြီးခဲ့တဲ့တပတ်အတွင်း ဆက်တိုက်ဖြစ်ပွားသွားတယ်လို့ ရွာပုန်းရွာရှောင် ဒုက္ခသည်တွေကိုကူညီနေတဲ့ ဖရီးဘားမားရိန်းဂျားအဖွဲ့က အထောက်အထားတွေနဲ့အတူ ကြေညာလိုက်တာပါ။ ဒီလ ၁၇ ရက်နဲ့ ၁၈ ရက် နှစ်ရက်အတွင်း နအဖစစ်တပ်က တောင်ငူနဲ့ညောင်လေးပင်ခရိုင်အတွင်းက ကရင်တိုင်းရင်းသားတွေအပေါ်ကျူးလွန်ခဲ့တာတွေကတော့ ရွာသားနှစ်ဦးကိုပစ်သတ်၊ အမျိုးသမီးနှစ်ဦးနဲ့ အမျိုးသားတဦးကို ဖမ်းဆီး၊ အမျိုးသားတဦးကို ဦးခေါင်းဖြတ်၊ ရွာမီးရှို့စသည်ဖြင့် ဖရီးဘားမားရိန်းဂျားက ဖော်ပြထားပါတယ်။ ပဲခူးတိုင်းအရှေ့ခြမ်း ကျောက်ကြီးမြို့နယ်က ကျေးရွာတွေမှာ နအဖစစ်တပ်က သတ်ဖြတ်မှုကြောင့် ရွာသားကြောက်ရွံ့ပြီး ထွက်ပြေးနေရပုံကို ရွာပုန်းရွာရှောင် ဒုက္ခသည်တွေကို ကူညီရာမှာ ဖရီးဘားမားရိန်းဂျားနဲ့ပူးပေါင်းဆောင်ရွက်နေတဲ့ ပြည်တွင်းဌာနေစွန့်ခွာရသူများကော်မတီ(စီအိုင်ဒီကေပီ)က တာဝန်ရှိသူတဦးဖြစ်တဲ့ စောစတိဗ်က ခုလိုပြောပြပါတယ်။

"ဇန်နဝါရီလ ၁၇ ရက်နေ့မှာ စကခ ၁၀ လက်အောက်ခံတပ်ရင်း ၃၆၇ ကနေပြီးတော့ ခဲဒဲဆိုတဲ့ရွာက စောမြကော်ထူးဆိုတဲ့ရွာသားတယောက်ကိုဝင်ပြီးတော့ ပစ်သတ်သွားတယ်၊ ရွာကလူတွေကလည်း ကြောက်ကြောက်လန့်လန့်နဲ့ အကုန်လုံးတခါတည်း အဝတ်တထည်ကိုယ်တခုနဲ့ပဲ ချက်ချင်းလက်လွတ်ခွက်ချွတ်တောထဲကို ထွက်ပြေးကြရတယ်။ သူတို့ကျန်ရှိခဲ့တဲ့ အိမ်ခြေအားလုံးပေါင်း ၁၃ လုံးပေါ့၊ အဲဒီမှာလည်း ဘော်ဒါဆောင်၊ ကျောင်းတလုံးလည်းအပါအဝင် သူတို့မီးရှို့ခံလိုက်ရတယ်၊ ၁၉ ရက်နေ့မှာပဲ ခဲဒဲဂွင်မှာရှိတဲ့ တူဝေါ်စိုးဆိုတဲ့ တခြားရွာတရွာက ရွာသားစောအဲ့ထူးဆိုတာကိုလည်း နအဖ ၃၆၇က ဘဲ ပစ်သတ်သွားတယ်၊ကျန်တဲ့ကျေးရွာအုပ်စုမှာရှိတဲ့ရွာပေါင်း ၁၀ ရွာကျော်က ရွာသား ၁ ထောင်ကျော် ၂ ထောင်နီးပါးလောက်က တောထဲမှာ ထွက်ပြေးပြီးတော့ ပုန်းအောင်းနေရတယ်။"

ဒီဒုက္ခသည်တွေဟာ ထိုင်း–မြန်မာနယ်စပ်ဘက်ကို ထွက်ပြေးလာဖို့ကလည်းခြေကျင်ခရီးငါးရက်ကနေ တပတ်လောက်ထိကြာမှာမို့ တောထဲမှာပဲပုန်းအောင်းနေရတယ်လို့ဆိုပါတယ်။ အဝတ်တထည်ကိုယ်တခုလက်လွတ်ထွက်ပြေးကြရတာမို့ဒုက္ခရောက်နေကြပုံကိုလည်း စောစတိဗ် အခုလိုပြောပြပါတယ်။

"ဆန်ကိုလည်း များများစားစားမသယ်သွားနိုင်ဘူး၊ စောင်၊ အနွေးထည်တို့ကိုလည်း သူတို့မသယ်သွားနိုင်ဘူး၊ အခုချိန်က အရမ်းအေးတဲ့အချိန် သူတို့ဆီမှာ အရမ်းအေးတယ်ဆိုတော့ သူတို့အနေနဲ့တဖက်ကလည်း အနွေးထည်ရဖို့အတွက်က မီးမလုံ့ရဲဘူး၊ မီးအရောင်ကိုတွေ့ရင် နအဖတပ်တွေက သူတို့ဆီကို ဝင်ပြီးတော့ပစ်မှာဘဲ၊ ဒီတော့မီးတွေမဖိုရဲဘူး၊ မီးခိုးတွေလည်းမထွက်ရဲဘူး၊ဒါကြောင့်သူတို့ဟာအအေးဒဏ်အောက်မှာဘဲအလူးအလဲခံနေရတယ်။"

ဒီဒုက္ခသည်တွေ အခုအတိုင်း တောထဲမှာ ရေရှည်ဆက်ပုန်းနေရရင် ကျန်းမာရေး ထိခိုက်လာမယ့်အရေးကို စိုးရိမ်နေတယ်လို့လည်း ပြောပါတယ်။

# စက်တင်ဘာလှုပ်ရှားသူများ တရားစွဲ

**DVB** ၊ ဂျန်နဝါရီ ၂၀ ။ ။ စက်တင်ဘာလှုပ်ရှားမှုနှစ်ပတ်လည်ကာလအတွင်းက ဖမ်းဆီးထားသူ ၈ ဦးကို ဒီနေ့ အင်းစိန်ထောင်တွင်း တရားရုံးက စွဲချက်တွေတင်လိုက် ပြီလို့ ရှေ့နေဦးကျော်ဟိုးက ပြောပါတယ်။

သူတို့ ၈ ဦးကတော့ မန္တလေးမြို့က ကျောင်းဆရာ ဦးရဲမြင့်၊ မသန္တာထွန်းနဲ့ ကိုညို၊ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာက ဦးရေဝတ ခေါ် ရဲမြင့်နောင်၊ ဦးကောသိတ၊ ဦးဝိသုတ္တိ ခေါ် ဦးဝဏ္ဏဌေး၊ ရေနံချောင်းမြို့က ဦးဝါယမ ခေါ် ဦးလှသိန်းနဲ့ ပဲခူးအနောက်ခြမ်းက ဦးကျော်ခင်တို့ဖြစ်ပါတယ်။ သူတို့ကို အသင်းအဖွဲ့ ပုဒ်မ၊ နိုင်ငံရေးပုဒ်၊ နယ်စပ်ဖြတ်ကျော်မှုစတဲ့ ပုဒ်မတွေနဲ့ တရားစွဲထားတာဖြစ်ပါတယ်။ သူတို့ ၈ ဦး ထဲက မသန္တာထွန်းနဲ့ ကိုညိုတို့ကို တရားရုံးက ဒီနေ့စွဲချက်တင်လိုက်တာနဲ့ပတ်သက်ပြီး သူတို့ရဲ့ ရှေ့နေဦးကျော်ဟိုးက အခုလို ပြောပြပါတယ်။

"အသင်းအဖွဲ့ပုဒ်မ ၇ ဆိုတာ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာအဖွဲ့ချုပ်နဲ့ဆက်သွယ်တယ်၊ နောက်ပြီးတော့ Generation Wave နဲ့ ဆက်သွယ်ဆိုပြီး စွပ်စွဲပြီးတော့ စွဲချက်တင်လိုက်တာပေ့ါ၊ ၁၃/၁ ကတော့နယ်စပ်ကိုတရားမဝင်ဖြတ်ကျော်ပြီးတော့ အဲဒီအဖွဲ့အစည်းက လူတွေနဲ့သွားတွေ့တယ်ဆိုပြီး စွပ်စွဲထားတယ်၊ ဒါနဲ့ပတ်သက်ပြီး ကျနော်တို့ထုချေရမယ့်အပိုင်းရှိလာတာပေ့ါ။"

သူတို့ ၂ ဦးကို မန္တလေးမြို့မှာ ဖမ်းဆီးပြီး အင်းစိန်ထောင်တွင်း တရားရုံးမှာ စစ်ဆေးနေတာဟာ တရားဥပဒေနဲ့ကိုက်ညီမှုမရှိကြောင်း တင်ပြတာကို လက်မခံဘဲ စွဲချက်တင်လိုက်တာဖြစ်တယ်လို့ ဦးကျော်ဟိုးက ဆက်ပြောပြပါတယ်။

"မန္တလေးမှာ အဖမ်းခံရတယ်၊ ဖြစ်တာလည်း မန္တလေးက၊ အဲဒါကို လျှောက်လဲချက် ပေးတဲ့အခါကျတော့ မန္တလေးမှာ ဖမ်းရင် မန္တလေးမှာ စစ်ရမယ်၊ ရန်ကုန်မှာ စီရင်ပိုင်ခွင့်မရှိဘူး၊ အဲဒါ တရားရှင်လွှတ်ပေးဖို့ တင်ပြခဲ့တယ်လေ၊ တရားသူကြီးက ဒါကိုလက်မခံဘူး၊ လက်မခံဘဲနဲ့ စွဲချက်တင်လိုက်တာပေ့ါ။"

သူတို့ ၈ ဦးထဲက ဦးကောသိတ၊ မသန္တာထွန်းနဲ့ ကိုညိုတို့ ၃ ဦးအတွက်ပဲ ရှေ့နေလိုက်ပေးနေပြီး ကျန်လူတွေကတော့ ရှေ့နေမပါဘဲအမှုရင်ဆိုင်နေကြရတယ်လို့ဆိုပါတယ်။ သူတို့အထဲက အများစုဟာ မိသားစုတွေကထောင်ဝင်စာလာတွေ့နိုင်ခြင်းမရှိသေးတာကြောင့် အခက်အခဲနဲ့ကြုံတွေ့နေကြရတယ်လို့လည်း ဦးကျော်ဟိုးက ပြောပါတယ်။

တဖက်မှ

များရှိရမည်။ ထိုမျှမကသေး၊ ရွေး ကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းပေးမည့်ခုံရုံးများ၊ ကော်မရှင်များကိုဖွဲ့စည်းထားရှိရန်နှင့် ထိုခုံရုံးများ ကော်မရှင်များ၏လုပ်ပိုင်ခွင့်အာဏာ လုပ်ထုံးလုပ်နည်းများကို အတိအလင်းသတ်မှတ်ထားရန်လိုအပ်သည်။

ထိုကဲ့သို့သောနိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များတည်ရှိခွင့်နှင့်ထိုအသင်း အဖွဲ့များ၏တရားဝင်မှတ်ပုံတင်ခြင်းကိစ္စများ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ မဲပေးမှုဆိုင်ရာနှင့်ရွေးချယ်ခံပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်ရန်လိုအပ်သည်။ဖော်ပြပါအခြေအနေများနှင့်ညီညွတ်သော ဖော်ပြပါအခြေအနေအောက်တွင်ကျင်းပသောရွေးကောက် ပွဲသည် လွတ်လပ်၍ တရားမျှတကာ ရွေးချယ်ခံရသောသူများသည် ပြည်သူလူထု၏ဆန္ဒကို အမှန်တကယ်ကိုယ်စားပြုသူများဖြစ်ပေသည်။ ထိုကဲ့သို့ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲမှ ရွေးချယ်ခံရသူများ သစ္စာခံရမည်မှာပြည်သူလူထုမှလွဲ၍ အခြားမည်သူမျှမဖြစ်ရပေ ပြည်သူလူထု၏လိုလားချက် ဆန္ဒကိုဖြည့်ဆည်းပေးရမည်မှာ ထိုသူများ၏တာဝန်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီတွင် ပြည်သူလူထုသည် အမြင့်ဆုံးသော အာဏာပိုင်များဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။ ထိုအချက်ကို ပြည်သူလူထုကခိုင်မာစွာနားလည်သဘောပေါက်ပြီး နိုင်ငံရေးသမားများက မှန်ကန်စွာကျင့်သုံးအကောင် အထည်ဖော်လျှင် ဒီမိုကရေစီလမ်းပေါ် တည်ငြိမ်ဖြောင့်မတ်စွာဖြင့် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

# ဦးဝင်းတင်၏ ပထမဦးဆုံး ခရီးစဉ်နှင့် ပါတီဝင်များနှင့်တွေ့ဆုံခြင်း

DVB ၊ ဂျန်နဝါရီ ၂၀ ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်ဟာ အခြားခေါင်းတချို့နဲ့အတူ မန္တလေးတိုင်းကိုခရီးထွက်နေပြီး ပါတီဝင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

လူထုဦးလှ နှစ် ၁၀၀ အခမ်းအနားတက်ရင်းနဲ့ မန္တလေးမြို့ကိုရောက်နေတာ ဖြစ်ပြီး ဒီနေ့မှာတော့ ပြင်ဦးလွင်မြို့က ပါတီဝင်တွေ၊ ဒေါ်ဝင်းမြမြနဲ့ကိုရွှေမောင်အပါအဝင် မန္တလေးက နိုင်ငံရေးအကျဉ်းသားမိသားစုတွေနဲ့တွေ့ဆုံခဲ့ပါတယ်၊ မနက်ဖြန်မှာလည်း မြို့ပေါ်က ပါတီဝင်တွေနဲ့ ဆွေးနွေးဖို့ရှိတယ်လို့ ဦးဝင်းတင်က ပြောပါတယ်။ ၁၉ နှစ်နီးပါး အကျဉ်းထောင်တွင်း နေခဲ့ရပြီး ၂၀၀၈ နှောင်းပိုင်းကမှ ပြန်လွတ်လာတဲ့ ဦးဝင်းတင်ဟာ ၂၀၀၃ ဒီပဲယင်းနောက်ပိုင်း ရန်ကုန်မြို့ပြင်ကို ခရီးထွက်လာတဲ့ ပထမဆုံးအန်အယ်လ်ဒီပါတီ အီးစီတဦးဖြစ်ပါတယ်၊ ဒါကြောင့်ဒီခရီးစဉ်အတွင်းပါတီဝင်တွေရဲ့အခြေအနေအပေါ် ဘာတွေထူးခြားတာတွေ့ရသလဲဆိုပြီး ဦးဝင်းတင်ကို မေးကြည့်တော့ခုလို ပြောပြခဲ့ ပါတယ်။

"ထူးခြားချက်တချက်က ဘာလဲဆိုတော့ မေမြို့မှာ ကျနော်တို့ပါတီရဲ့ အနေအထားက စည်းရုံးရေးကော်မတီ အဆင့်လောက်ပဲ လုပ်ထားနိုင်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဆိုင်းဘုတ်ဖြုတ်ချထားတာတို့ ပါတီကို အသိအမှတ်မပြုဘူးဆိုတာတို့ ဖြစ်ခဲ့ဖူးတယ်၊ အခုတော့ လုပ်တဲ့လူတွေကလည်းတက်တက်ကြွကြွလုပ်နေကြတယ်၊ ဆရာဝန်တွေ၊ ရိုးရိုးပုဂ္ဂိုလ်တွေ၊ လူငယ်တွေလည်းပါတယ်။

"ကျနော်ကြားခဲ့တဲ့စကားက ထူးထူးခြားခြားရှိတယ်၊ ကျနော့်အဖို့လည်း အလွန်မှတ်သားဖို့ကောင်းတဲ့အရာ၊ သူတို့ပြောတဲ့စကားက ကျနော်တို့ဆိုင်းဘုတ်တွေဖြုတ်ချပေ့ါ၊ ကျနော်တို့ အဖွဲ့ကို ရုပ်သိမ်းမယ်ပေ့ါ၊ ဘာလို့လဲဆိုတော့ လူမပြည့်ဘူးပေ့ါ၊ လူအင်အားက ၅ ယောက်အောက်ရောက်သွားလို့ပြောတယ်တဲ့၊ ကျနော်တို့က ခင်ဗျားတို့လုပ်ချင်တာလုပ်၊ ကျနော်တို့ အလုပ်ကျနော်တို့ လုပ်ရမယ်။ အန်အယ်လ်ဒီပါတီဌာနချုပ်တောင်မှ မဖျက်ဘဲနဲ့ တော့အောက်ခြေတွေ လာဖျက်လို့ ဘာထူးမှာလဲ ဒါက တခုပေ့ါ၊ နောက်တခု က ကျနော်တို့ရဲ့ ယုံကြည်ချက်က ပြည်သူရှိရင် အန်အယ်လ်ဒီရှိမှာဘဲ၊ အန်အယ်လ်ဒီရှိရင်လည်း ပြည်သူ့အကျိုးကိုဆောင်ရွက်မှာပဲဆိုတာ သူတို့ယုံတယ်၊ ကျနော်တို့ဟာ ကျနော်တို့လုပ်ကိုင်နေတယ်ဆိုတဲ့စကားဗျ၊ ဒီစကားက အန်အယ်လ်ဒီတိုင်းလက်ခံကျင့်သုံးရမယ့်စကား၊ ဦးထိပ်ပန်ဆင်ရမယ့်စကား ဖြစ်တယ်လို့ ကျနော်မှတ်ယူခဲ့တယ်။"

မန္တလေးပြန်ရောက်တဲ့အခါမှာ မြို့သစ်ရပ်ကွက်က ဦးရွှေမောင်တို့မိသားစုအပါဝင် အခြားနိုင်ငံရေးအကျဉ်းသားတွေ၊ ၂၈ လမ်းက ဒေါ်ဝင်းမြမြတို့မိသားစုဝင်တွေကိုတွေ့ဆုံပြီး အားပေးစကားပြောခဲ့တယ်လို့ ဦးဝင်းတင်က ပြောပါတယ်။ ဒီကနေ့မှာတော့မန္တလေးတိုင်းအန်အယ်လ်ဒီပါတီဝင်တွေနဲ့တွေ့ဆုံဖို့စီစဉ် ထားတယ်လို့ ပြောပါတယ်၊ ပါတီဝင်တွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ ကြားစိတ်ဓာတ်တက်ကြွနေတာက ဟုတ်ပါပြီ၊ သာမန်ပြည်သူတွေကြားမှာ နိုင်ငံရေးနိုးကြားမှုရှိရဲ့လား၊ နိုင်ငံရေးကို စိတ်ကုန်နေတဲ့ သဘောမျိုးတွေ့ရသလားဆို ပြီး ထပ်မေးတဲ့ အခါမှာတော့ ဦးဝင်းတင်က အခုလို တုံ့ပြန်ချက်ပေးပါတယ်။

"အခုလို လာကတည်းကိုက စာပေသမားတွေနဲ့တွေ့ဖို့လာတယ်၊ ဆရာဦးသိန်းဖေမြင့်ပြောသွားတဲ့ စကားတခုရှိတယ်၊ပြည်သူကြားမှာအမှန်ရှာဆိုတော့ ကျနော်လည်း ပြည်သူတွေနဲ့တွေ့ချင်တယ်။ ကျနော်တို့ညသန်းခေါင်ရောက်တဲ့အချိန်မှာ ကလေးတွေ ကားဂိတ်တို့ ဘာတို့မှာ ရေရောင်းပစ္စည်းရောင်း၊ ကလေးငယ်ဆိုတာ ၅ နှစ်သား၊ ၆ နှစ်သား။ မန္တလေးမြို့ထဲ။

"မြို့သစ်ဘက်သွားတဲ့အခါကျတော့ စက်ရုံ၊အလုပ်ရုံတွေကနေ ပြန်လာတဲ့ စက်ဘီးစီးတဲ့ မိန်းကလေးတွေ၊ ဆိုင်ကယ်စီးတဲ့ မိန်းကလေးတွေယောကျ်ားလေးတွေ တွေ့နေတာပဲဗျာ။ ဒီအထဲမှာ ဆင်းရဲတဲ့လူတွေ၊ ဒီနေ့အမျိုးသမီးတယောက်၊ လေးလသား ကလေးကို ချီထားတယ်၊ ကတ္တီပါဖိနပ် အစုတ်လေးကိုစီးထားတယ်၊ သူနဲ့အတူပါလာတာ ရင်ခွင်ပိုက်ကလေးရဲ့ အကြီးတွေပေ့ါ၊ ရင်ခွင်ထဲပိုက်ထားတဲ့ကလေးနဲ့ဆိုငါးယောက်၊အဲဒီအမျိုးသမီးကပိုက်ဆံတောင်းသေးတယ်ဆိုတဲ့ဟာမျိုးက ပြည်သူတွေ ဒီနေ့ကြုံတွေ့နေရတဲ့စိတ်အပိုင်းတခုပေ့ါ။"

"ဒီကလေးတွေ စာသင်နိုင်တဲ့ အနေအထားမရှိဘူး၊ ကျောင်းနေနိုင်တဲ့အ နေအထာမရှိဘူး၊ အမေနဲ့လိုက်ပြီး တောင်းရမ်းနေရတဲ့ အနေအထားမျိုးတွေ၊ ဒါတွေကပြည်သူကြားမှာတွေ့နေရတဲ့ ပြည်သူများခံစားရခြင်းပေ့ါ၊ ဒါကျနော်ကတော့ အမှန်တရားပဲလို့ယူဆပါတယ်။ ကျနော့်ရဲ့စိတ်ထဲမှာ ယုံကြည်ချက်တို့ကို ပိုပြီးခိုင်မာစေတယ်၊ ပိုပြီးပြင်းပြစေတယ်၊ ပိုပြီးတော့ ထက်သန်စေတယ်လို့ အဒီလိုပဲ ပြောချင်ပါတယ်။"

ဘယ်လိုဘဲဖြစ်ဖြစ် ဒီခရီးစဉ်ဟာ ၂၀၀၃ ဒီပဲယင်း အရေးအခင်းအပြီးနောက်ပိုင်း တနည်းအားဖြင့် ပြောမယ်ဆိုရင် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးတင်ဦးတို့ အကျယ်ချုပ်ဖမ်းခံရပြီးနောက်ပိုင်း ပထမဆုံးအကြိမ် NLD ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်တဦးရဲ့ရန်ကုန်မြို့ပြင်ခရီးစဉ်ဖြစ်ပါတယ်။ ဒီခရီးစဉ်အတွက် အာဏာပိုင်တွေဆီက ခွင့်ပြုချက်ယူရသေးလား၊ကျန်တဲ့ NLD ခေါင်းဆောင်တွေကော ရန်ကုန်မြို့ပြင်ဆီ ခရီးထွက်ဖို့ အစီအစဉ်မရှိဘူးလားဆိုပြီး ဦးဝင်းတင်ကို မေးကြည့်တဲ့အခါမှာ ခုလိုပြောပါတယ်။

"အမှန်တော့ ခုနပြောသလို စစ်အစိုးရဆီမှာ ခွင့်ပြုချက်တောင်းပြီးတော့ ခွင့်တောင်းစာတင်ပြီး လာတာမဟုတ်ဘူး၊ ကျနော့် အစီအစဉ်နဲ့ ကျနော်လာတာပဲ၊ တစ်က ကျနော်က တရားဝင်နိုင်ငံရေးအဖွဲ့အစည်းတစ်ခုရဲ့ တရားဝင် ဗဟိုအလုပ်အမှုဆောင်တယောက်၊ နိုင်ငံရေးခေါင်းဆောင်တယောက် ဒီအတွက်နယ်တွေမှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းများနဲ့ တွေ့ဆုံခွင့်ရှိတယ်။ "နှစ်က နိုင်ငံသားလက်မှတ်လည်းရှိတယ်၊ အဲ့ဒီတော့ တရားဝင် ကျနော် သွားလာတာပဲ။ သူတို့ကလည်း ဒီလိုသွားလာမှန်း မသိတဲ့အတွက် ကျနော့်ကို ဘာမှပိတ်လား၊ ဆို့လား ဟန့်တားလားမရှိဘူး။ သို့သော် ရန်ကုန်ကနေထွက်တဲ့ အချိန်ကစပြီးတော့ ကားဂိတ်ကို သွားတော့လည်း ကားဂိတ်ဆီလိုက်လာတယ်၊ ကားထွက်ရတာ အားလုံး ၁၄ မိနစ်လောက် နောက်ကျပြီးမှထွက်ရတယ်။ "

"နောက် တခုက ထောက်လှမ်းရေးအဖွဲ့ဝင်တဦးက ကျနော်တို့ဘေးမှာပဲ ကပ်ထိုင်ပြီးတော့ မန္တလေးအထိလိုက်လာတယ်၊ မန္တလေးရောက်တော့လည်း မနက်ပိုင်း ကျနော်တို့ ပါတီဝင်တွေက လာရောက်ပြီး ကြိုဆိုတဲ့အခါကျတော့လည်း သူတို့တွေစောင့်ကြည့်ရမယ့် ဝတ္တရားရှိတဲ့အတိုင်း လဖက်ရည်သောက်တာ၊ ဟိုတယ်သွားတာကအစ အကုန်လုံးလိုက်ကြည့်တယ်၊ မေမြို့ကိုလည်းလိုက်ပါတယ်။ မေမြို့ဆိုလည်း တလျှောက်လုံးကားနဲ့မော်တော်ဆိုင်ကယ်နဲ့လိုက်တယ်၊ ပြန်လာတဲ့အထိလည်းလိုက်တာဘဲ၊ သူတို့ကလည်း သူတို့ကိစ္စသူတို့ ဆောင်ရွက်တယ်၊ ကျနော်လည်း ကျနော့်ကိစ္စဆောင်ရွက်တယ်ပေ့ါ၊ အဲတော့ကျနော်ပြောချင်တာက ကျနော်သော်လည်းကောင်းကျန် စီးအီးစီအဖွဲ့ဝင်များသော်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်မှမဟုတ်ဘဲ၊ ကျနော်တို့က ပါတီမှာ သာမာန်လုပ်နေတဲ့ အဖွဲ့ဝင်တွေဆိုတော့ ကျနော်ထင်တယ် ဒီဟာတွေ အကုန်လုံးကတော့ ကျနော်တို့တာဝန်တွေ ကျနော်တို့ ယူပြီးတော့ သွားလာလှုပ်ရှားမယ်ဆိုရင် သူတို့ ဘာမှပိတ် ပင်စရာ ဟန့်တားစရာမရှိဘူးလို့ထင်တယ်။"




## သတင်းတိုများ

ဂျန်နဝါရီ ၁၆ ၊ Rtrs ။ ။ ပါလီမန်အဆောက်အဦသည် မပြီးသေး၍ ယခုနှစ်ထဲလုပ်မည့် ရွေးကောက်ပွဲသည် လတော်တော်ကြာဦးမည်ဟုယူဆရကြောင်း။ အချို့အထင်အရ အောက်တိုဘာတွင် ကျင်းပမည်ဟု ယူဆရကြောင်း။

ဂျန်နဝါရီ ၁၇ ၊ Voice of Vietnam ။ ။ ဗီယက်နမ်ဒုဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာတွင် ၁၅ ရက်နေ့၌ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးခဲ့၏။

ဂျန်နဝါရီ ၁၇ ၊ New Straits Times ။ ။ ခိုလှုံခွင့်ရှာနေသူများဟုထင်ရသူမြန်မာမှ တရားမဝင် ဝင်လာသူ ၂၆ ဦးအား မလေးရှားရေကြောင်းရဲမှဖမ်းဆီးမိကြောင်း။

ဂျန်နဝါရီ ၁၇ ၊ RGN ။ ။ မြန်မာသည် ဆန်လုပ်ငန်းအဖွဲ့ Myanmar Rice Industry Association ကို ၁၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း။

ဂျန်နဝါရီ ၁၈ ၊ HANOI ။ ။ မြန်မာမှဝယ်ခဲ့သည့် ကျောက်စိမ်းရိုင်းတုန်းကြီးမှ ကမ္ဘာ့အမြင့်ဆုံး ဗုဒ္ဓကျောက်ဆင်းတုထုလုပ်နေကြောင်း ဝယ်ယူသူဗီယက်နမ်ကုမ္ပဏီမှဆို၏။

ဂျန်နဝါရီ ၁၈ ၊ AFP ။ ။ ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ် ၁၈ လတိုးမှု အယူခံမှု (ရေကူး၍ခြံတွင်းဝင်သူအားလက်ခံမှု) တွင် နှစ်ဖက်ရှေ့နေများမှ လွှတ်တော်ချုပ်တွင် အပြီးသတ်လျှောက်လဲချက်ပေးခဲ့။

ဂျန်နဝါရီ ၁၉ ၊ AHRC ။ ။ ကုလသမဂ္ဂနှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ အထူးစစ်ဆေးပြန်ကြားရေးအရာရှိ Manfred Nowak ထံ မြန်မာတွင် ရဲများသည်လတ်တလောလွန်ကဲစွာ နှိပ်စက်ညှဉ်းပန်းမှုများပြုလုပ်နေကြောင်း အာရှလူ့အခွင့်အရေးကော်မရှင် Asian Human Rights' Commission မှ အိပ်ဖွင့်စာပို့ခဲ့၏။

ဂျန်နဝါရီ ၁၉ ၊ WTN-Rtrs ။ ။ မြန်မာအရာရှိများနှင့်တွေ့၍ ဒီမိုကရေစီပြောင်းလဲမှု မည်မျှလုပ်ပြီးသည်ကို သက်သေပြရန် အမေရိကန်မှ နှစ်နိုင်ငံဆွေးနွေးမှုအတွက် လိုအပ်ချက်အဖြစ် မေးမြန်းဖိအားပေးမည်ဟု အမေရိကန်လက်ထောက်နိုင်ငံခြားရေးတာဝန်ခံ Kurt Campbell မှဆို၏။

ဂျန်နဝါရီ ၁၉ ၊ RFA ။ ။ မြန်မာအပါအဝင် ရံပုံငွေလိုသလောက်မရရှိသော အရေးပေါ်ပြဿနာများရှိနေသော ၁၄ နိုင်ငံကို ကုလသမဂ္ဂဟဲ့ပိုအရေးပေါ် တုန့်ပြန်ကယ်ဆယ်ရေးရံပုံငွေဌာန CERF မှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကူညီလိုက်ကြောင်း ကုလသမဂ္ဂရုံးချုပ်မှကြေညာ၏။

ဂျန်နဝါရီ ၂၀ ၊ UPI ။ ။ လူ့အခွင့်အရေးလှုပ်ရှားသူများအားပံ့ပိုး ကာကွယ်ပေးသူများအပေါ် တရုတ်၊ မြန်မာတို့သည် ပိုမိုအာဏာတထား တိုက်ခိုက်ဖိနှိပ်ခဲ့ကြောင်း Human Rights Watch လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့မှဆို၏။

ဂျန်နဝါရီ ၂၀ ၊ DVB ။ ။ ကချင်အထူးဒေသ–၁ အဖွဲ့ပိုင် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း။

ဂျန်နဝါရီ ၂၀ ၊ DVB ။ ။ အိုင်အဲလ်အိုအဖွဲ့သို့တိုင်တန်းမှုဖြင့် အဖမ်းခံနေရသူ ၁၉ ဦး၏မိသားစုများနှင့် တွေ့ဆုံမေးမြန်းရန် ကမ္ဘာ့အလုပ်သမားအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးကာရီတာပီယိုဦးဆောင်သည့်အဖွဲ့ ယနေ့အောင်လံသို့ထွက်ခွာ၏။

ဂျန်နဝါရီ ၂၀ ၊ DVB ။ ။ ပြွန်တန်ဆာမြို့နယ် မြန်မာ့သစ်မင်းတဲရပ်ကွက် လျှပ်စစ်လမ်းရှိမိသားစု ၁၀ စုအား မယက မှ ၁၁ ရက်နေ့မှာဆင့်ခေါ်၍ နေအိမ်ဖျက်သိမ်းခိုင်းခဲ့ကြောင်း။

ဂျန်နဝါရီ ၂၀ ၊ UN ။ ။ မဲခေါင်ဒေသ ၆ နိုင်ငံ ထိုဒေသသို့အလှူရှင်နိုင်ငံများနှင့် ကုလလေ့လာရေးအဖွဲ့တို့သည် အာရှတွင်လူကုန်ကူးခြင်းအပေါ် ဆွေးနွေးပွဲ ပုဂံမြို့တွင် စတင်ကျင်းပ၏။

ဂျန်နဝါရီ ၂၀ ၊ Shanghai Daily ။ ။ အလုပ်ရှာပေးမည်ဟုဆိုကာ ရှမ်ဟိုင်းရှိတရုတ်တဦးသို့ ဒေါ်လာ ၃၆၆၂ ဖြင့် အတင်းပေးစားအရောင်းခံရသူ ၁၇ နှစ်အရွယ်မြန်မာအမျိုးသမီး သော့ပိတ်ခံအခန်းမှလွတ်လာကာ တရုတ်ရဲမှ မြန်မာသို့ပြန်ပို့ပေးခဲ့ကြောင်း။

ဂျန်နဝါရီ ၂၀ ၊ Irrawaddy ။ ။ အဲန်အဲလ်ဒီသည် ဗဟိုအလုပ်အမှုဆောင်သစ်ဖွဲ့စည်းမည်ဟု အမှုဆောင်သစ်ဖြစ်လာသူ ဦးဝင်းနိုင်မှဆို၏။ ရွေးကောက်ပွဲကြောင့်သာမဟုတ်ဘဲ ပါတီ၏မူအရဖြစ်ကြောင်းနှင့် အစီအစဉ်ကို ဦးအောင်ရွှေထံတင်ပြပြီးကြောင်းဖြင့်လည်းဆို၏။

ဂျန်နဝါရီ ၂၀ ၊ Irrawaddy ။ ။ နအဖသည် ယခုလထုတ်မြန်မာတိုင်းမ်စ်မှ ဖော်ပြသည့်အကြမ်းဖက်ရေးဆွဲနေသော အကြမ်းဖက်မှုဆန့်ကျင်တားဆီးရေးဥပဒေကို ဒီမိုကရေစီလှုပ်ရှားမှုများကို ဖိနှိပ်ရန်သုံးဖွယ်ရှိ၍ စိုးရိမ်ရကြောင်း။

ဂျန်နဝါရီ ၂၀ ၊ Irrawaddy ။ ။ ဂျန်နဝါရီ ၁၂ ပေတီတွင် လျှောက်လှုပ်စဉ် ရောက်နေသူ မြန်မာသို့ လူသားချင်းစာနာမှုဖြင့်ကူညီနေသူ အစားထိုးစွမ်းအင်အကြံပေး Walt Ratterman သည် ပျောက်ဆုံးနေပြီးသတင်းမကြားရသေးကြောင်း။

ဂျန်နဝါရီ ၂၀ ၊ VOA ။ ။ မြန်မာစစ်အစိုးရနှင့်ဆက်ဆံရာတွင် အမေရိကန်သည် စိတ်ရှည်မည်ဖြစ်သော်လည်း အကန့်အသတ်မရှိ သည်းခံနေမည်တော့မဟုတ်ဟု အမေရိကန်လက်ထောက်နိုင်ငံခြားရေးတာဝန်ခံ Kurt Campbell မှ နိုင်ငံခြားရေးရုံး သတင်းစာရှင်းလင်းပွဲတွင်ဆို၏။

ဂျန်နဝါရီ ၂၀ ၊ RFA ။ ။ နိုဝင်ဘာလတွင် နယ်ခြားတပ်အဖြစ်အသွင်ပြောင်းရန်လက်ခံခဲ့သည့် NDAK ဒီမိုကရေစီသစ်တပ်မတော် ကချင်၏တပတ်တာဆွေးနွေးပွဲ အပြေ မရဘဲပြီးစီးခဲ့ကြောင်း။

ဂျန်နဝါရီ ၂၁ ၊ BP ။ ။ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့မှ လုပ်သားများအား သက်တန်း၂ နှစ်ထပ်တိုးပေးထားသောလည်း မည်သည့်နိုင်ငံမှလာသည်ကို ဖေဖော်ဝါရီလကုန်အတွင်း သတင်းပို့ရမည်ဖြစ်ကြောင်း။

ဂျန်နဝါရီ ၂၁ ၊ AP ။ ။ မြန်မာတွင် အဓမ္မလုပ်အားခိုင်းစေမှုရှိမရှိ လေ့လာစစ်ဆေးရန် ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO အား နအဖမှ တတိယအကြိမ် အဖြစ်နောက်တနှစ်ခွင့်ပြုရန်သဘောတူလိုက်၏။ အလုပ်သမားအဖွဲ့သည် အစိုးရအရာရှိများ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် တွေ့ဆုံမည်ဟု သံတမန်လောကမှဆို၏။

ဂျန်နဝါရီ ၂၁ ၊ DVB ။ ။ လူထုဦးလှ ရာပြည့်တက်ရောက်ပြီးနောက် ဦးဝင်းတင်၊ ဦးအုန်းကြိုင်ဦးစီးသော အဲန်အဲလ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပြင်ဦးလွင်အပါအဝင် မန္တလေးတိုင်းအဲန်အဲလ်ဒီအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့၏။

စာမျက်နှာ ၁၃ သို့

# ပြွန်တန်ဆာမြို့နယ်တွင် လမ်းကော်မတီအဖွဲ့က နေအိမ်တွေကို ဖျက်ခိုင်း

DVB ၊ ဂျန်နဝါရီ ၂၀ ။ ။ ပဲခူးတိုင်း ပြွန်တန်ဆာမြို့နယ်မှာ ဒေသခံအာဏာပိုင်တွေစုပေါင်းဖွဲ့ထားတဲ့လမ်းကော်မတီအဖွဲ့က နေအိမ်တွေကိုဖျက်ပေးဖို့ တောင်းဆိုနေတဲ့အတွက် မိသားစုဝင်တွေက စိတ်သောကရောက်နေကြပါတယ်။

ပြွန်တန်ဆာမြို့နယ် မြို့မသစ် မင်းတဲရပ်ကွက် လျှပ်စစ်လမ်းရှိ မိသားစု ၁၀ စုကို အခုလ ၁၁ ရက်က မယကက ဆင့်ခေါ်ပြီး နေအိမ်ကိုဖျက်ပေးဖို့ တောင်းဆိုခဲ့တယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။ နှစ်ပေါင်း ၅၀ နီးပါး နေထိုင်လာတာဖြစ် လို့ မပြောင်းရွှေ့ချင်ကြပေမယ့် မိသားစုဝင်တွေကို အခုလ ၃၁ ရက် နောက်ဆုံးထား ပြီး ဖျက်ပေးဖို့ ထပ်မံ အမိန့်ပေးခဲ့တာလို့ ပြောပါတယ်။ မိသားစုဝင်တွေ မပြောင်းချင်တာကို သိနေတဲ့ ရယကနဲ့ကြံ့ခိုင် အဖွဲ့ဝင်တွေကလည်း ၁၀ ရက်နေ့ညမှာ နေအိမ်ကိုရောက်လာပြီး ကူညီပြောပေးမယ်လို့ စည်း ရုံးသိမ်းသွင်းခဲ့တယ်လို့ ဆိုပါတယ်။ မယက ရုံးရောက်တဲ့အခါမှာ အတင်း လက်မှတ် ထိုးခိုင်းခဲ့တဲ့အကြောင်း မိသားစုဝင်တဦးက အခုလို ပြောပါတယ်။

"၁ လပိုင်း ၁၀ ရက်နေ့ညက သူတို့က ညှိပေးမယ်တဲ့ မဝတ ဉက္ကဌနဲ့ပေါ့နော်၊ အမေတို့ကို ဘာမှမပြောနဲ့ မဆိုနဲ့ သူတို့ရှေ့ကနေ ညှိပေးမယ်ဆိုပြီး ခေါ်သွားတယ်၊ ခေါ်သွားပြီး ဟိုရောက်တော့ ဘာမှမပြောသေးဘူး၊ လက်မှတ်အရင်ထိုးခိုင်းတယ်၊ လက်မှတ်လည်းထိုးပြီးတာနဲ့ ၁ လပိုင်း ၃၁ ရက်နေ့ကို ဖျက်ရမယ်ဆိုပြီးတော့ အတင်းအဓမ္မပြောတော့တာပေါ့။ အမေကနေပြီးတော့ တနေ့လုပ်မှ တနေ့စားရတဲ့လူတန်းစားတွေ ဖြစ်တဲ့အတွက် အမေတို့ကို အချိန် ၁ လတန်သည် ၂ လတန်သည် ခွာပေးပါပေါ့နော်၊ ရွှေ့ဖို့ ပြောင်းဖို့မလွယ်တဲ့ကိစ္စကို အသနားထပြီးတော့ အမေကတောင်းခံတယ်၊ တောင်းခံတဲ့ အခါကျတော့ သူကပြောတယ် နေစရာမရှိရင် ဇရပ်မှာသွားနေတဲ့၊ ဘုန်းကြီး ကျောင်းမှာသွားနေတဲ့၊ မရဘူးဆိုပြီးတော့ တချက်လွှတ်အမိန့်ချမှတ်လိုက်တယ်ပေါ့၊ ရွှေ့စရာလည်းငွေမရှိဘူး၊ စားစရာလည်းမရှိဘူး၊ ကျောင်းသားတွေကလည်းတို့လို့ တန်းလန်းတွေနဲ့ပေါ့၊ အားလုံးနေစရာမဲ့ပြီးတော့ တော်တော်ကို ဒုက္ခရောက်နေကြတယ်။"

ဒီလို နေအိမ်တွေ ဖျက်ခိုင်းတာရာ လွန်ခဲ့တဲ့ ၃ နှစ်က စတင်ခဲ့တာဖြစ်ပြီး၊ ဖျက်ပေးဖို့အမိန့်ပေးနေတာ ၃ ကြိမ်ရှိသွားပြီလို့ ပြောပါတယ်။ မပြောင်းရွှေ့ရရေးကို အာဏာပိုင်အဆင့်ဆင့်ကို စာရေးတိုင်ကြားခဲ့ပေမယ့် စာရောက် မရောက် မသိရဘူးလို့ သူတို့က ပြောပါတယ်။ ဘာကြောင့် ပြောင်းရွှေ့ခိုင်းတယ်ဆိုတာ အတိအကျမသိရပေမယ့် သူတို့နေထိုင်တဲ့ လျှပ်စစ်လမ်းဟာ ဘာမှ ညှိစွန်းတာမရှိဘူးလို့ နောက်တဦးက အခုလို ပြောပါတယ်။

"မတရားလမ်းကော်မတီဖွဲ့လိုက်တာပေါ့၊ သူတို့ဘာသာသူတို့ဖွဲ့ပြီးတော့ သူတို့ ဒီမယကနဲ့ပေါင်းပြီးတော့ ဖျက်တဲ့ပုံစံမျိုးဖြစ်တာပေါ့၊ ဥပမာပေါ့နော် ဒီလမ်းကြီးကို စီမံကိန်းတခုနဲ့ဖျက်ခိုင်းတယ်ဆိုရင်တော့ ဖျက်ပေးလိုက်လို့ရတယ်၊ ကျနော်တို့လမ်းကနေပြီးတော့ ဘာမှမဟုတ်ပဲနဲ့ ဖျက်ခိုင်းတယ်ဆိုတော့ မခံနိုင်ဘူးပေါ့၊ နေတာကလည်း နှစ်ပေါင်း လေးငါးဆယ်ဖြစ်နေပြီ၊ ကားတွေဘာတွေလည်း ကျနော်တို့ လမ်းထဲကိုဝင်လို့ရတယ်ပေါ့နော်။"

ဒီကိစ္စနဲ့ပတ်သက်ပြီး အာဏာပိုင်တွေ ဆက်သွယ်ခဲ့ပေမယ့် ဖြေဆိုတာမရှိပါဘူး။ ဒါပေမဲ့ မိသားစု ၁၀ စုကတော့ နေအိမ်မပြောင်းရွှေ့ရရေး၊ စာမေးပွဲဖြေဆိုမယ့် ကျောင်းသားလေးတွေ အဆင်ပြေရေးအတွက် ကူညီဖြေရှင်းပေးကြဖို့ အထက်အာဏာပိုင်တွေကို အသနားခံထပ်မံတောင်းဆိုသွားပါတယ်။

# ဦးဝင်းတင်နှင့်အဖွဲ့ မေမြို့သွားရောက်ခဲ့

DVB ၊ ဂျန်နဝါရီ ၂၀ ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်ဦးဝင်းတင်ဟာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့က လူထုဒေါ်အမာနေအိမ်ကို ဒီကနေ့သွားရောက်ခဲ့ပါတယ်။

မနေ့က ဒေါ်အမာရဲ့ခင်ပွန်း လူထုဦးလှရဲ့ရာပြည့် အခမ်းအနားကိုတက်ရောက်ခဲ့ပြီးနောက် ပြင်ဦးလွင်ကို ရောက်ရှိနေတာပါ။ ဒါနဲ့ပတ်သက်လို့ ဦးဝင်းတင်နဲ့အတူ ဒေါ်အမာခြံထဲရောက်နေတဲ့ အဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်ဦးအုန်းကြိုင်က ခုလိုပြောပြပါတယ်။

"အခုမေမြို့ဒေါ်အမာ့ခြံကို ရောက်နေပါတယ်၊ ဦးဝင်းတင်က ဒေါ်အမာခြံကိုလာပြီးတော့ ကြည့်နေပါတယ်၊ အဲ့ဒီမှာ ဒေါ်အမာ အထိမ်းအမှတ် ကျောက်တိုင်တခုရှိတယ်၊ အဲဒီကျောက်တိုင်မှာကပ်ထားတဲ့စာက ဦးဝင်းတင်က ထောင်ထဲကနေ ဒေါ်အမာကိုဂုဏ်ပြုပြီးတော့ ရေးပြီးပေးလိုက်တဲ့ကဗျာလေး၊ အဲဒီကဗျာကို ဒီကတာဝန်ရှိတဲ့လူတွေက ကြိုက်ပြီးတော့ ကျောက်တိုင်မှာ ကပ်ထားတယ်၊ ကျောက်တိုင်ကို ဦးဝင်တင်က လာပြီးတော့ကြည့်တာပါ၊ ဒေါ်အမာကိုလည်း အလွမ်းပြေပေါ့။"

ပြင်ဦးလွင်မြို့ အဖွဲ့ချုပ်ဝင်တွေနဲ့ခဏတွေ့ပြီးရင် ဦးဝင်းတင်ရဲ့မိတ်ဆွေတဦးဖြစ်တဲ့တချိန်ကကြေးမုံသတင်းစာသတင်းထောက်ဟောင်း မေမြို့ချစ်ဆွေ နဲ့တွေ့ဖို့ရှိသေးတယ်လို့ ဦးအုန်းကြိုင်ကပြောပြပါတယ်။ ဒီခရီးစဉ်ကို မန္တလေးတိုင်းစည်းအဖွဲ့ဝင်တွေဖြစ်တဲ့ ဦးသိန်းတန်၊ ဦးတင်အောင် အောင်၊ ဦးမောင်မောင်သန်း၊ ဒေါက်တာဇော်မြင့်မောင်နဲ့ ဒေါ်သန်းသန်းအေးတို့လည်း လိုက်ပါလာတယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။ မန္တလေးကနေစထွက်ကတည်းက အခုမေမြို့ရောက်တဲ့အထိ အာဏာပိုင်တွေရဲ့အနီးကပ်စောင့်ကြည့်မှုတွေရှိပေမယ့်လည်း နှောင့်ယှက်တာတော့မရှိဘူးလို့ပြောပြပါတယ်။ ဒီညနေ မန္တလေး ကို ပြန်ရောက်မှာဖြစ်ပြီး မနက်ဖြန်တော့ ရန်ကုန်ပြန်ကြမှာ ဖြစ်ပါ တယ်။ အဖွဲ့ချုပ်လုပ်ငန်းနဲ့ပတ်သက်လို့ နက်ဖြန်မှာ တိုင်းအဖွဲ့ချုပ်နဲ့တွေ့ပြီး ဆွေးနွေးဖို့ရှိတယ်လို့လည်း ဦးအုန်းကြိုင်က ပြောပြသွားပါတယ်။

# လက်ရှိကုန်ဈေးနှုန်းအခြေအနေ

DVB ၊ ဂျန်နဝါရီ ၂၀ ။ ။ ရန်ကုန် ဘုရင့်နောင်ပွဲရုံဝင်းထဲက ဒီဇယ်ဓာတ်ဆီရောင်းတဲ့ပုဂ္ဂလိကလောင်စာဆီဒိုင်ကြီးတွေကို အာဏာပိုင်တွေက ဝင်းအပြင်ထွက်ခိုင်းလို့ ထွက်လိုက်ရပြီလို့ ပွဲရုံပိုင်ရှင်တဦးက ပြောပါတယ်။

ဘုရင့်နောင်ပွဲရုံးတန်းကို စီမံခန့်ခွဲတဲ့ဘုရင့်နောင်စည်ပင်သာယာရေးရုံးကို ဖုန်းဆက်မေးကြည့်တော့ ဖြေကြားမယ့်တာဝန်ရှိသူတွေ မရှိဘူးလို့ ရုံးဝန်ထမ်းကဖြေပါတယ်။ ရန်ကုန်က ဒီဇယ်ဒိုင်ကြီးတွေကို မြို့ပြင်ထုတ်ပစ်ဖို့ အာဏာပိုင်တွေက စီစဉ်နေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဆန်စပါးရောင်းဝယ်ရေးဈေးကွက်ထဲကို ကျောက်မျက်လောက၊ ပဲလောကစတဲ့တခြားလုပ်ငန်းတွေက လူတွေ ငွေထုပ်ပိုက်ဝင်လာပြီး ဝယ်နေလို့ စပါးဈေး၊ ဆန်ဈေးတွေတက်လာတာလို့ ဘုရင့်နောင် ဆန်တန်းက ဆန်ပွဲရုံပိုင်ရှင်တွေက ပြောပါတယ်။ ဒီနှစ်စပါးအထွက်လဲကောင်း၊ တောင်သူတွေ ဈေးကောင်းရကြပြီးပိုစိုက်ပျိုးလာတာမို့ ဆန်လှောင်တဲ့လူတွေအထိနာနိုင်တယ်လို့ ဘုရင့်နောင် က ဆန်ပွဲရုံပိုင်ရှင်တဦးက ပြောပါတယ်။ အခုရက်ပိုင်းမှာ ထိုင်း–မြန်မာ နယ်စပ်မြဝတီဘက်ကို ပေါ်ဆန်းမွှေးဆန်တွေပို့တာလည်း တော်တော်အလုပ်ဖြစ်တယ်လို့ နယ်စပ်ကုန်သည်တဦးက ပြောပါတယ်။

တရုတ်နယ်စပ်ဘက်မှာတော့ ဗန်းမော်–လွယ်ဂျယ်လမ်းပိုင်းမှာဆန်တွေတရားမဝင်ထွက်နေတာကို မြန်မာအာဏာပိုင်တွေက အဖွဲ့ဖွဲ့ပြီး ဖမ်းဆီးနေပါတယ်။တလောလေးကတင် ဆန်တွေအောက်မှာ ကျောက်မျက်နဲ့သစ်တွေခိုးတင်လာတဲ့ကားကို ဖမ်းမိပြီးတဲ့နောက် အခုတော့ သစ်နဲ့ကျောက်မျက်တွေတင်မက ဆန်ကိုပါ စစ်ဆေးကြပ်မတ်လာတာ ဖြစ်ပါတယ်။

အိန္ဒိယ–မြန်မာအရောင်းအဝယ်ကိစ္စဆွေးနွေးပြီး အိန္ဒိယက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ မြန်မာလုပ်ငန်းရှင်တွေ ရောင်းသူဝယ်သူ ဆွေးနွေးပွဲတခုကို ရန်ကုန်က ကုန်သည်/စက်မှုအသင်းချုပ်ရုံးမှာ ဒီနေ့ပြုလုပ်ပါတယ်။အိန္ဒိယကလာတဲ့အဖွဲ့မှာ ပဲရောင်းဝယ်ရေး၊ သစ်၊ အသေးစားစက်မှုလက်မှု မော်တော်ယာဉ် အပိုပစ္စည်းရောင်းဝယ်ရေး၊ အင်ဂျင်နီယာ၊ ကျောက်မျက်နဲ့စားသောက်ကုန် လုပ်ငန်းရှင်တွေပါလာတယ်လို့ ရန်ကုန်ကသတင်းအရသိရပါတယ်။



# သတင်းတိုထွာဖတ်စရာ

## အကြမ်းဖက်ဝါဒ နှိမ်နင်းရေးဥပဒေ

နအဖရဲ့ ရဲတပ်ဖွဲ့အရာရှိကြီးတဦးက အခုအခါ အကြမ်းဖက်ဝါဒ နှိမ်နင်းရေးဥပဒေကို ရေးဆွဲနေပြီဖြစ်ကြောင်းဆိုပါတယ်။ အကြမ်းဖက်ဝါဒဟာ ပြည်သူတွေရဲ့လုံခြုံရေးကို အကြီးအကျယ်ခြိမ်းခြောက်တာကြောင့် အကြမ်းဖက်အဖွဲ့အစည်းတွေကို ငွေကြေးပစ္စည်းထောက်ပံ့မှုတွေ လုပ်တဲ့သူတွေကို အရေးယူမယ်လို့ဆိုပါတယ်။ ဒီလိုလုပ်ဆောင်တာဟာ နအဖ က သူနဲ့အတိုက်အခံဖြစ်နေတဲ့သူတွေကို နှိပ်ကွပ်ဖို့အတွက် လက်နက်တခုအနေနဲ့သုံးစွဲဖို့ဖြစ်တယ်လို့ ထိုင်းနယ်စပ်မှာရှိတဲ့ မြန်မာပြည်သူပြည်သားတချို့က ပြောဆိုနေကြပါတယ်။ (IRRAWADDY, 20.1.2010)

## နာဂစ်ထက်ဆိုးတဲ့စစ်အစိုးရ

အပြည်ပြည်ဆိုင်ရာပါလီမန်အမတ်များသမဂ္ဂက မြန်မာစစ်အာဏာရှင် နအဖ ရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ ၂၀၀၈ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ လူတသိန်း ခွဲလောက်သေပြီး ၂ သန်းခွဲလောက်ဒုက္ခရောက်ခဲ့ရတဲ့ နာဂစ်မုန်တိုင်းထက်ဆိုးတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ မြန်မာအမတ် ၁၃ ဦးဟာ အခုထက်တိုင် ဆက်လက်ထိန်းသိမ်းဖမ်းဆီးခံနေရဆဲဖြစ်ကြောင်းနဲ့ သူတို့တွေလွတ်မြောက်ရေးအတွက် တရုတ်၊ အိန္ဒိယ၊ အာဆီယံတို့ ဝိုင်းဝန်းလုပ်ဆောင်ဖို့လိုအပ်တယ်လို့ ဆိုပါတယ်။ (AFP, 21.1.2010)

## ပြောင်းရွှေ့လုပ်သားထံမှအခွန်မကောက်ပါ

ထိုင်းနိုင်ငံမှာသွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာပြည်သားတွေနဲ့ သူတို့တတွေရဲ့မိသားစုဝင်တွေဟာ မြန်မာနိုင်ငံသားဖြစ်တယ်ဆိုတာ ခိုင်ခိုင်လုံလုံအတည် ပြုနိုင်ပြီဆိုရင် မြန်မာအစိုးရက အခွန်ကောက်ခံမှာမဟုတ်ဘူးလို့ ထိုင်းအလုပ်အကိုင်နေရာချထားရေးဌာနက အရာရှိကြီးတဦးကပြောဆိုပါတယ်။ ထိုင်းအရာရှိကြီးက ဖေဖော်ဝါရီ ၂၈ မတိုင်မီ နိုင်ငံသားဖြစ်တယ်ဆိုတဲ့ အထောက်အထား အတည်ပြုချက်ရယူပြီးမှတ်ပုံတင်ကြဖို့နဲ့ ဒါမှ အလုပ်လုပ်ခွင့်ပါမစ်တွေကို သက်တမ်းတိုးပေးနိုင်မှာလို့ဆိုပါတယ်။ (THE NATION, 22.1.2010)

## နယ်စပ်အဖွဲ့များတင်းကျပ်ခံရ

ထိုင်းမြန်မာနယ်စပ်အနီးမှာ လှုပ်ရှားနေကြတဲ့မြန်မာအဖွဲ့အစည်းတွေဟာ တပ်ခရိုင်အာဏာပိုင်တွေရဲ့တင်းကျပ်မှုကို စတင်ခံနေရပြီလို့ သိရပါတယ်။ ခရိုင်အာဏာပိုင်တွေ မြန်မာလူမှုကျန်းမာရေးအဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေကို ခွင့်ပြုမှာဖြစ်ပေမယ့် နိုင်ငံရေးအဖွဲ့အစည်းတွေက လူမှုရေးလုပ်ငန်းတွေလုပ်တာမျိုးတွေကို လက်မခံဘူးလို့ဆိုပါတယ်။ ထိုင်းခရိုင်အာဏာပိုင်တွေရဲ့ အခုလိုလုပ်ရပ်နောက်ကွယ်မှာ မြန်မာစစ်အစိုးရရဲ့ တွန်းအားပေးမှုတွေပါမယ်လို့ နိုင်ငံရေးအရ နအဖနဲ့အတိုက်အခံဖြစ်နေတဲ့အဖွဲ့အစည်းခေါင်းဆောင်တချို့ကယူဆနေကြပါတယ်။ (MIZZIMA, 21.1.2010)

## တိုးရစ်မယ်

မြန်မာစစ်အာဏာပိုင်တွေက ၂၀၁၀ မှာ နိုင်ငံခြားကခရီးသည် ပိုမိုလာရောက်အောင်ဆွဲဆောင်နိုင်ဖို့ ကြိုးစားတဲ့အနေနဲ့ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ Miss Tourism ၂၀၁၀ ပြိုင်ပွဲကို ကျင်းပမယ်လို့သိရပါတယ်။ ပြိုင်ပွဲနဲ့အတူ တခြားပျော်ပွဲရွှင်ပွဲတွေကိုလည်း အတူကျင်းပမှာဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသမီးတွေထဲက ပထမရတဲ့သူကို ကျပ် တသိန်း၊ ဒုတိယ ၅ သိန်း၊ တတိယရတဲ့သူကို ၃ သိန်း ချီးမြှင့်မှာပါ။ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတွေဟာ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို တိုးချဲ့လုပ်ကိုင်နေကြပါတယ်။ (PEOPLE'S DAILY, 20.1.2010)

## အိုင်အဲလ်အိုရုံးသက်တမ်းတိုး

မြန်မာနိုင်ငံတွင်းကအဓမ္မလုပ်အားစေခိုင်းမှုတွေကို တိုင်ကြားနိုင်တဲ့အိုင်အဲလ်အိုရဲ့ရုံးဖွင့်လှစ်ခွင့်ကို နောက်ထပ်တနှစ်သက်တမ်းတိုးဖို့ ခွင့်ပြုလိုက်တယ်လို့နအဖစစ်အာဏာရှင်တွေထိန်းချုပ်ထားတဲ့သတင်းစာထဲမှာဖော်ပြထားပါတယ်။ နအဖကအဓမ္မလုပ်အားစေခိုင်းတာ ပပျောက်ဖို့ကြိုးစားနေကြောင်း နဲ့ စေခိုင်းမှုနဲ့ပတ်သက်ပြီးတိုင်ကြားတာတွေကို အသိအမှတ်ပြုကြောင်းဆိုပတယ်။ ဒါပေမဲ့ အဲဒီလိုတိုင်ကြားတဲ့သူတွေကို တခြားအကြောင်း ရင်းတွေနဲ့စွဲချက် တင်ဖမ်းဆီးထောင်ချတဲ့ကိစ္စမျိုးတွေရှိနေတုန်းပါပဲ။ (AFP, VOB, 19.1. 2010)

## စီးပွားရေးလက်ဝါးကြီးအုပ်မှု

မြန်မာပြည်တွင်းမှာ မိုဘိုင်းတယ်လီဖုန်းတွေကို နိုင်ငံခြားကနေတင်သွင်းတာကို ကုမ္ပဏီအများအပြားလုပ်ကိုင်နေကြပါတယ်။ အခုနောက်ပိုင်းမှာ SIM ကဒ်နဲ့ Prepaid ကဒ်တွေကို ရောင်းချခွင့်ဟာ နအဖထိပ်သီးတွေနဲ့နီးစပ်တဲ့ စီးပွားရေးလုပ်ငန်းရှင် ဦးတေဇရဲ့ထူးရောင်းဝယ်ရေး လုပ်ငန်းရဲ့လက်အောက်ခံကုမ္ပဏီတခုကပဲရရှိတဲ့အတွက် မိုဘိုင်းတယ်လီဖုန်းနဲ့ပတ်သက်တဲ့လုပ်ငန်းတွေကို လုပ်ကိုင်နေသူတွေက မတရားလက်ဝါးကြီးအုပ်မှုဖြစ်တယ်ဆိုပြီး မကျေမနပ်ဖြစ်နေကြ ပါတယ်။ (MIZZIMA, 22.1.2010)

## မဲခေါင်ဒေသလူကုန်ကူးမှု

မဲခေါင်မြစ်ဝှမ်း ၆ နိုင်ငံမှာ လူကုန်ကူးမှုပပျောက်ရေးနဲ့ပတ်သက်ပြီး ရန်ကုန်မှာအစည်းအဝေးကျင်းပခဲ့တယ်လို့သိရပါတယ်။ အဲဒီမှာ နအဖပြည်ထဲရေးဝန်ကြီးက ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် လူကုန်ကူးမှုတွေဟာ အရင်ကလိုမျိုး စိတ်တိုင်းကျလုပ်နိုင်တဲ့အနေအထားမရှိတော့ကြောင်းနဲ့ ဖိအားပေးမှုတွေအကြီးအကျယ်ခံနေရကြောင်းပြောပါတယ်။ ဒါပေမဲ့ စီးပွားရေးအခြေအနေတွေကြောင့် ပြောင်းရွှေ့လုပ်သားတွေကြားမှာ အဓမ္မစေခိုင်းတာတွေနဲ့လိင်မှုဆိုင်ရာဖျော်ဖြေရေးလုပ်ငန်းတွေအတွက်လူကုန်ကူးတာတွေရှိနေတုန်းပဲလို့ကုလသမဂ္ဂအရာရှိတဦးကပြောသွားပါတယ်။ (AP, 21.1.2010)

# ပဲခူးမြို့လယ်ကောင်မှာ ကလေးစစ်သားတွေ စုဆောင်း

VOA ၊ ဂျန်နဝါရီ ၂၃ ။ ။ မြန်မာနိုင်ငံမှာ ကလေးစစ်သားစုဆောင်းမှု၊ အဓမ္မလုပ်အားပေးစေခိုင်းမှုလိုမျိုးအခြေအနေတွေကိုလေ့လာအကဲဖြတ်ဖို့ ILO ကမ္ဘာ့အလုပ်သမားအဖွဲ့ရဲ့အမှုဆောင် ညွှန်ကြားရေးမှူးမြန်မာနိုင်ငံကို ရောက်ရှိနေချိန်မှာပဲ အသက်မပြည့်တဲ့ ကလေးငယ်တွေကို စစ်တပ်ထဲ စုဆောင်းတဲ့ အဖြစ်အပျက်တွေကလည်း ရှိနေဆဲဖြစ်ပါတယ်။

မကြာသေးခင်တုန်းက ပဲခူးမြို့ အထက ၃ ကျောင်းက ၁၆ နှစ်အရွယ် ဆယ်တန်းကျောင်းသား တဦးဖြစ်တဲ့ မောင်ဇေဦးချိုကို တပ်သားအဖြစ် စုဆောင်းခဲ့လို့ အခုအခါ မိသားစုက ရန်ကုန်အခြေစိုက် ILO ရုံးကို တိုင်ကြားဖို့လုပ်နေပါတယ်။

ပဲခူးမြို့ ဖိုင်းဂနိုင်းတောင်ပိုင်း ပုလဲလမ်းမှာ နေထိုင်နေတဲ့ ဆယ်တန်းကျောင်းသား မောင်ဇေဦးချိုကို ခမရ ၂၁၂ က တပ်သားက ဇန်နဝါရီလ ၁၄ ရက်နေ့က စစ်သားအဖြစ် စုဆောင်းသွားခဲ့ပုံကို မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်က အခုလိုပြောပြပါတယ်။

“ကျမ ညနေ အလုပ်ကပြန်လာတော့ ကျမရဲ့ အမတွေဆီဖုန်းဆက်တော့ ဖုန်းဆက်တယ်တဲ့၊ နင့်သား စစ်ထဲဝင်သွားပြီလို့ပြောတယ်တဲ့၊ မနက်ကတဲ့ဆိုတော့ ဒုက္ခပဲဆိုပြီး စုဆောင်းရေးကို ကျမ ညဘက်ကြီးသွားတယ်။ သွားတော့ မနက် ၉ နာရီခွဲလောက်က ဒီကလေးလာသွားတယ်တဲ့။ တပ်သားတယောက်နဲ့ လာသွားတယ်တဲ့၊ အဲဒါနဲ့ သူတို့ အရပ်တိုင်းလိုက်တယ်။”

“ပြီးတော့ ၈ တန်းတုန်းက ကျောင်းသားကတ်ကလေး၊ အဲဒီတုန်းက ကလေးရုပ်လေးနဲ့ပေါ့၊ အသက်ကိုလည်း သူတို့ကြည့်လိုက်တယ်တဲ့။ ကြည့်လိုက်တော့ သူတို့က ငယ်တယ်ဆိုပြီး ပြန်လွှတ်လိုက်တယ်တဲ့။ အဲဒါနဲ့ တပ်သားက သူတို့ ၂၁၂ တပ်ထဲမှာပဲ မွေးထားတော့မယ်ဆိုပြီး လည်ပင်းဖက်ပြီး ခေါ်သွားပါတယ်တဲ့။ အဲဒီတပ်သားရဲ့ ပုံပန်း သဏ္ဍာန်ကို တပ်ကြပ်ကြီး မိုးသူက သိပါတယ်တဲ့။ နာမည်တော့ မမေးထားလိုက်မိဘူးတဲ့။”

ပဲခူးမြို့အခြေစိုက် တပ်မ ၇၇ ကိုလည်း သားဖြစ်သူ အသက်မပြည့်ဘဲ စစ်သားအဖြစ် စုဆောင်းခံရမှုကို အကြောင်းကြားတိုင်ကြားခဲ့ပေမဲ့ ဘာမှထူးခြားမလာဘူးလို့ ဆိုပါတယ်။ ပဲခူးမြို့ စုဆောင်းရေးကလည်း ရှာပေးမယ်လို့ဆိုပေမဲ့ ၂၀ ရက်နေ့အထိ ဘာမှထူးခြားမလာခဲ့ဘူးဆိုပြီး မိခင်ဖြစ်သူက ပြောပြပါတယ်။ ဒီ့နောက် ဒုသင်းကုန်း စုဆောင်းရေးတပ်ကို သွားရှာခွင့် ပေးခဲ့ပေမဲ့ သားဖြစ်သူကို ဘယ်လိုမှ ရှာမတွေ့တော့ဘူးလို့ ဆိုပါတယ်။

သူမအနေနဲ့ အသက်မပြည့်သေးတဲ့ သားဖြစ်သူကို ပြန်တွေ့လိုတဲ့ ဆန္ဒတွေနဲ့ရှာဖွေနေချိန်မှာ အာဏာပိုင်တွေဘက်က တခြားအဖွဲ့အစည်းတွေကို အကြောင်းမကြားဖို့၊ မီဒီယာတွေနဲ့ မဆက်သွယ်ဖို့ တွေကို ပြောဆိုခဲ့တယ်လို့ဆိုပါတယ်။ နောက်ဆုံးမှာတော့ မိခင်ဖြစ်သူက ပဲခူးမြို့က ရှေ့နေကြီးဦးအေးမြင့်ထံသွားရောက်ပြီး သားဖြစ်သူ ပြန်ရရှိရေး ILO ကို အကြောင်းကြားပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။

မိခင်ဖြစ်သူအနေနဲ့ သားဖြစ်သူကို စစ်တပ်က စုဆောင်းခြင်းဟာ အရွယ်မရောက်သေးတဲ့ ကလေးကို အညွန့်ချိုးလိုက်သလိုဖြစ်တဲ့အတွက် အာဏာပိုင်တွေဘက်က ကိုယ်ချင်းစာကြဖို့လည်း အခုလို ပြောသွားပါတယ်။

“အဲဒါနဲ့ ကျနော်က လုပ်သင့်တဲ့ဟာ လုပ်ရမှာပဲလို့၊ အခုဥစ္စာ ကျနော် ဗိုလ်ကြီးတို့ကို အချိန်ပေးထားပြီးပြီလို့၊ သားလေးက လည်း တဖြည်းဖြည်း အချိန်နီးကပ်လာတဲ့အတွက် သူတို့ မီဒီယာ ကို မတိုင်ပါနဲ့ လို့ပြောထားတဲ့အတွက် ကျမ သူတို့ကိုလည်း chance ပေးထားပြီးပြီ။ ဒီကြားထဲမှာ ကျမရဲ့ ဆန္ဒလေးကို ဘာမှ ဖြည့်မပေးနိုင်တဲ့အတွက် ကျမ မိခင်တယောက်ရဲ့ ခံစားချက်တွေနဲ့ စားလို့လည်းမဝင်၊ အိပ်လို့လည်းမပျော်ဘူး။ သားသမီးချင်း ကိုယ်ချင်းမစာဘဲ သူတို့ရဲ့လုပ်ဆောင် ချက်တွေ ကျမ မခံစားနိုင်တော့ဘူး။

“အခု ကျမသားလေးကလည်း အမှတ် ၃ အထကမှာ ပညာသင်နေတဲ့ ကလေးလည်း ဖြစ်တဲ့အပြင် ပညာရေးလည်းကောင်းပါတယ်။ ကျမသားလေးက အလုံးအဖန်လေးလည်းကောင်းတယ်၊ အားကစား လှုပ်ရှားမှုအတွက် ကြွက်သားလေးတွေ၊ ရင်အုပ်မောက်တာလေးတွေ၊ အရပ်အမောင်းလေးလည်းရှိတယ်။ အဲဒီအတွက် ကျမ သူတို့တပ်ထဲပဲ သွင်းမှာပါ။ ဒါပေမဲ့ ဒီလိုအခြေအနေမျိုးနဲ့ ကျမသားလေးရဲ့အညွန့်ကို ကျမ အချိုးမခံနိုင်ဘူး။”

မောင်ဇေဦးချို စစ်သားအဖြစ် စုဆောင်းခံရချိန်မှာပဲ ILO ရဲ့ အမှုဆောင် ဒါရိုက်တာ မြန်မာနိုင်ငံကို ရောက်ရှိနေချိန်နဲ့ တိုက်ဆိုင်နေတာမို့ သူနဲ့လည်း ရှေ့နေကြီး ဦးအေးမြင့်က တွေ့ဆုံဖို့ ရှိနေပါတယ်။ ဒီကိစ္စ နဲ့ပတ်သက်ပြီး အထောက်အထားတွေနဲ့ တင်ပြသွားမှာဖြစ်ကြောင်း ရှေ့နေကြီး ဦးအေးမြင့်ကလည်း ပြောသွားပါတယ်။

“ဒါကတော့ တပ်ထဲမှာ မရောက်ပါဘူး၊ ရှာတော့ အရှာခံတာပဲ၊ ပြီးရင် ဒီလိုပဲ မရှိဘူး၊ မတွေ့ဘူးနဲ့ပဲ ပြောလွှတ်လိုက်တဲ့ကိစ္စ။ ဒီ မောင်ဇေဦးချိုကိစ္စနဲ့ ပတ်သက်လို့ ILO ရုံးကို အမီတင်မယ်။ စနေနေ့မှာ အမှုဆောင် ဒါရိုက်တာနဲ့တွေ့ဖို့ ကျနော်တို့ကို ဖိတ်ထားတဲ့အတွက် ထိပ်တိုက် ပူပူနွေးနွေးဒီအကြောင်းကို ကလေးဓာတ်ပုံ အထောက်အထားတွေနဲ့ တင်ပြမယ်။

“ကလေးစစ်သား မရှိဘူးလို့ သူကသာ နိုင်ငံတကာ အလယ်မှာ ငြင်းတယ်။ အခု ILO အမှုဆောင် ဒါရိုက်တာလာတဲ့အချိန်ကျမှ ကလေးစစ်သားပျောက်တယ်။ အရင်တုန်းက တောနေလူတန်းစားနဲ့ အ လုပ်သမား လူတန်းစား၊ အခြေနိမ့်နေတဲ့လူတွေရဲ့ သားသမီးတွေ ကျောင်းတက်နေတာ အဆွဲခံရတယ်။ အခု ပဲခူးမြို့လယ်ကောင်ကြီး၊ အမှတ် ၃ ဆိုတာ တပြည်လုံး Top Ten ဝင်နေတဲ့ ကျောင်း၊ အဲဒီမှာ တက်နေတဲ့ကျောင်းသားတယောက်ကိုစစ်သားကအသက်မပြည့်ဘဲနဲ့ စစ်သားအဖြစ် စုဆောင်းသွားတာ မိခင် ဘယ်လောက် ရင်ကျိုးပြီလဲ။”

ပဲခူးတိုင်းမှာတော့ ကလေးစစ်သားအဖြစ် စုဆောင်းခံရတဲ့အခါ တိုင်ကြားဖို့ ရှေ့နေကြီးဦးအေးမြင့် ရှိနေတဲ့အတွက် သတင်းတွေ ဆက်တိုက်ကြားနေရသလို ဦးအေးမြင့် ဦးဆောင်တဲ့ လမ်းပြကြယ်အဖွဲ့ကိုတိုင်ကြားတဲ့ ကလေးဦးရေဟာ ၁၂၁ ဦး ရှိသွားပြီဖြစ်ပါတယ်။ သတင်းမကြားပေမဲ့ကလေးတွေစစ်သားအဖြစ်စုဆောင်းခံရမှုတွေဟာ တိုင်းနဲ့ပြည်နယ် နေရာအနှံ့မှာအများအပြားဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။

# လူထုဦးလှရဲ့ ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွေပြုလုပ်ကျင်းပ

**DVB** ၊ ဇန်နဝါရီ ၁၉ ။ ။ စာပေချစ်မြတ်နိုးသူတွေ၊ လူထုဦးလှကို ကြည်ညိုလေးစားသူတွေဟာပြည်ပနိုင်ငံအချို့မှာသတင်းစာဆရာကြီး လူထု ဦးလှရဲ့ ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွေ လုပ်ခဲ့ကြသလို ဒီကနေ့ဆိုရင်လည်း မန္တလေးမြို့မှာ လူထုဦးလှရာပြည့်ပွဲလုပ်ဖို့ စီစဉ်ထားကြပါတယ်။

သတင်းစာဆရာကြီး လူထုဦးလှဟာ တိုင်းပြည်အတွက်အပြုစိတ်နဲ့ နိုင်ငံရေးလုပ်ခဲ့သူတဦးဖြစ်သလို မျိုးဆက်သစ်တွေကို လွတ်လပ်ခွင့်နဲ့ အားပေးမြေတောင်မြှောက်ပေးခဲ့သူလို့ လူထုဦးလှရဲ့သားတပည့်တွေက ပြန်ပြောင်းပြောပြကြပါတယ်။

လူထုဦးလှဟာ ကြီးပွားရေးစာစောင်၊ လူထုဂျာနယ်၊ လူထုသတင်းစာတွေကို ဦးဆောင်ထုတ်ဝေခဲ့ပြီး မြန်မာ့စာပေနယ်နဲ့သတင်းလောကမှာ အထင်ကရ ရပ်တည်နိုင်ခဲ့တဲ့ သတင်းစာဆရာ ကြီးဖြစ်ပါတယ်။ သူ့ရဲ့ ထူးခြားမှုကတော့ သူ့သတင်းစာမှာမျိုးဆက်သစ်တွေကို လွတ်လပ်ခွင့်ပေး၊ အားပေးတာပဲဖြစ်တယ်လို့ လူထုတိုက်ထွက် အနုပညာရှင် ဦးဂင်းဖေက ပြောပါတယ်။

"အားပေးတယ်ဆိုတာက လုပ်ခွင့်၊ ကိုင်ခွင့်၊ စဉ်းစားခွင့်၊ ပြောခွင့်ဆိုခွင့်ပေးတာ။ အဲဒါက ဘယ်လောက်လောက်က စလဲဆိုတော့ ဒုတိယကမ္ဘာစစ် ပြီးကာစမှာ ဒါ ကျနော်မှီတာကို ပြောတာနော်၊ ပန်းချီဆရာကြီး ဦးဘရင်လေးဆိုတာ စောစောစီးစီး လူထုမှာဝင်ပြီး အလုပ်လုပ်တယ်။ အဲဒီခေတ်ကဆိုရင် တော်တော်ရှေ့ရောက်တဲ့ တီထွင်ကြံဆပြီး အသစ်အဆန်းတွေလုပ်တာပေါ့ဗျာ။ လူထုသတင်းစာတိုက်ရဲ့ လူထုဆိုတဲ့ လက်ရေးနဲ့ စာလုံးလေးကိုက ဦးဘရင်လေး စတာ။

"တချို့ဟာတွေ လူထုဦးလှအနေနဲ့ လူကြီးဖြစ်တော့ နည်းနည်းရှေးဆန်တာတွေ ဘာတွေရှိပါတယ်။ သူတို့ အမြင်အားဖြင့်ကို လက်ခံဖို့နည်းနည်း ခက်ခဲတဲ့ကိစ္စ ဖြစ်ပေမဲ့ ကြိတ်မှိတ်ပြီး လွတ်လပ်ခွင့်ပေးတယ်၊ ဒါလူငယ်တွေပဲ။ ဒါ လူထုဦးလှရဲ့ မျိုးဆက်သစ်ပေါ်မှာ ယုံတဲ့၊ အားကိုးတဲ့၊ အားပေးတဲ့ ကိစ္စဗျ။"

လူထုဦးလှနဲ့တွဲရင် ထည့်မပြောလို့ မပြီးတာကတော့ဇနီးဖြစ်သူ လူထုဒေါ်အမာပါ။ စာပေမှာ စိတ်ဝင်စားရင် လူထုဦးလှ၊ လူထုဒေါ်အမာ တို့ရဲ့စာပေသြဇာလွှမ်းကင်းသူကတော့ ရှားပါတယ်၊ လက်ရှိဗွီဒီအိုအေ အဖွဲ့သားဖြစ်နေတဲ့ ဦးတင်မောင်သန်းကလည်း သူ မြန်မာနိုင်ငံတွင်းမှာ သင့်ဘဝမဂ္ဂဇင်းစထုတ်တုန်းက လူထုဦးလှရဲ့မှတ်စုတွေကို မှီခဲ့ရဖူးတယ်လို့ ပြောပြပါမယ်။

"ကျနော် သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်းလုပ်မယ်ဆိုတော့ ဒေါ်ဒေါ်ကနေပြီး ဦးလှစုထားတယ်ဆိုတဲ့ အင်္ဂလိပ်ဆောင်းပါးတွေ ဖိုင်ကြီး ၂ ဖိုင် ကျနော့်ကို ပေးလိုက်ပါတယ်။ အဲဒီဖိုင်ထဲမှာ Readers Digest ထဲက ကလေးပြုစုပျိုးထောင်ရေးလို ဆောင်းပါးတွေ၊မိမိကိုယ်ကို မိမိဘဝထူထောင်ရာမှာ ဘယ်လိုကြိုးစားအားထုတ်ရမယ်ဆိုတဲ့ ဆောင်းပါးတွေ၊ အစရှိသဖြင့်လူတယောက်ရဲ့ဘဝကို ထူထောင်ဖို့အတွက် အများကြီးအထောက်အကူပြုတဲ့ ဆောင်းပါးတွေကို ဦးလှစုထားတာတွေ့ရပါတယ်။"

"အဲဒီဆောင်းပါးတွေကို သင့်ဘဝအောင်မြင်ရေး မဂ္ဂဇင်းမှာ ကျနော်သုံးခဲ့ရပါတယ်။ ဒါဟာ ဦးလေးလှ ကွယ်လွန်သွားပေမဲ့ဦးလေးလှရဲ့ အယ်ဒီတာတယောက်ရဲ့ စုဆောင်းခဲ့တဲ့ စာပေတွေကို နောက်မျိုးဆက်က လူငယ်တွေအတွက် ဆက်လက်ပြီး အသုံးပြုနိုင်တာပါ။"

သတင်းစာဆရာ လူထုဦးလှဟာ လွတ်လပ်ရေးနောက်ပိုင်းကာလမှာကို နိုင်ငံရေးပုဒ်မနဲ့ အကြိမ်ကြိမ်ထောင်ချခံခဲ့ရပါတယ်။ ဦးလှဟာ နိုင်ငံရေးလောကဓံကို ကြံ့ကြံ့ခံနိုင်သလို စာရေးတာကိုပဲ ကိုယ်တတ်နိုင်တဲ့ ဘက်က နိုင်ငံရေး လုပ်နေတာလို့ ခံယူတဲ့အကြောင်း ဦးဂင်းဖေက ပြောပြပါတယ်။

"သူက စာပေသမား၊ စာရေး၊ သတင်းစာထုတ် ဘာညာနဲ့လုပ်နေတဲ့အခါကျတော့ ဒါဟာ နိုင်ငံရေးပဲလို့ သူကတွက်ထားတာ။ ပြီးတော့ သူက အကောင်းမြင်ဝါဒလည်းဖြစ်တယ်။ ကျနော် ကုန်ကုန်ပြောမယ်ဗျာ၊ သူ့ကိုထောင်ချလိုက်တယ်။ ဒါဒုက္ခရောက်ပြီ။ ဒါပေမဲ့ အဲဒီအချိန်မှာ သူက တိုင်းပြည်အတွက် ငါဘာလုပ်နိုင်လဲ၊ ငါ ထောင်ထဲမှာ မေးစရာရှိတာတွေ မေးမယ်ဆိုပြီးတော့ ကုန်ကြမ်းအမြောက်အမြားတပွေ့တပိုက်ကြီးနဲ့ ပြန်ထွက်လာတာပဲဗျ။ ပြီးတော့ အဲဒါတွေကို အကြွေးမထားဘူး၊ အမြန်ဆုံး အလုပ်လုပ်တာ။"

လူထုဦးလှရဲ့ ရာပြည့်အခမ်းအနားကိုတော့ ဒီကနေ့ မနက် ၁၀ နာရီခွဲ မန္တလေးမြို့ မြတောင်ဘုန်းကြီးကျောင်းတိုက်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဘုန်းကြီးဆွမ်းကျွေး အစီအစဉ်နဲ့ စာတမ်းဖတ်ပွဲအတွက် ပြင်ထားတဲ့အကြောင်း လူထုဦးလှရဲ့သားဖြစ်သူ စာရေးဆရာညီပုလေးက ပြောပါတယ်။

"ဘုန်းကြီးတွေ ဆွမ်းဘုန်းပေးပြီးရင် လူတွေကို နေ့လယ်စာ တည်ခင်းမယ်။ ပြီးရင် မိတ်ဆွေတွေက ပို့ထားတဲ့ သဝဏ်ဖတ်မယ်။ ဆရာဒဂုံတာရာတို့၊ ဆရာဦးသော်ကောင်းတို့ သူတို့ပို့ထားတာ။ စာတမ်းက ဆရာလူထုဦးစိန်ဝင်းဆီက တစောင်ရယ်၊ တက္ကသိုလ်များစာကြည့်တိုက်ဒေါ် ခင်နှင်းဦးဆီကတစောင်ရယ်၊ စိုးနိုင်မန္တလေးတက္ကသိုလ်က တစောင်ရယ်၊ သုံးစောင်ဖတ်မယ်။"

လူထုဦးလှဟာ လူထုသတင်းစာကို ကြီးကြပ်ခဲ့တဲ့အပြင် ထောင်နဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ မြန်မာ့ရိုးရာ ပုံပြင်တွေ၊ အခြား ပညာပေးနဲ့ ကြီးပွားရေးဆိုင်ရာ စာအုပ်စာတမ်းတွေ အတော်များများ ထုတ်ဝေခဲ့ပြီး အောင်မြင်ခဲ့သူဖြစ်ပါတယ်။ ဦးလှကို ၁၉၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်ထဲမှာ မွေးဖွားခဲ့ပြီး ၁၉၈၂ ခုနှစ် ဩဂုတ်လမှာ ကွယ်လွန်ခဲ့တာဖြစ်ပါတယ်။

---

ပြက္ခဒိန်မှ

ဂျန်နဝါရီ ၂၁ ၊ **News Agencies** ။ ။ အရှင်ရေဝတ၊ အရှင်ကောသိတ၊ အရှင်ဝသုတ၊ အရှင်ဝါယမ၊ ကိုညို၊ မသန္တာထွန်း၊ ကိုရဲမြင့်၊ ကိုကျော်ခင်တို့အား နအဖ တရားရုံးမှ ၂၀၀၇ သံဃာ့ဆန္ဒပြပွဲတွင်ပါဝင်မှု စသည်တို့ဖြင့် စွဲချက်ချမှတ်လိုက်ကြောင်း။

ဂျန်နဝါရီ ၂၂ ၊ **Mizzima** ။ ။ မြန်မာဖွားအမေရိကန်နိုင်ငံသား ကိုညီညီအောင်၏ အမှု နှစ်ဖက်ရှေ့နေအားလုံးမှ အင်းစိန်ထောင်တွင်းရှိ အထူးတရားရုံးတွင် နောက်ဆုံးလျှောက် လဲချက်များပေးခဲ့ကြောင်း။ ဂျန်ဝါရီ ၂၇ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမည်ဟု သူ၏ရှေ့နေ ဦးဉာဏ်ဝင်းမှဆို၏။

ဂျန်နဝါရီ ၂၂ ၊ **Irrawaddy** ။ ။ နအဖ ၏ လူ့အခွင့်အရေးဖောက်ဖျက်ရက်စက်မှုများကြောင့် သေဆုံးရသူများဦးရေသည် နာဂစ်မုန်တိုင်းအသက်ဆုံးသူဦးရေထက်များကြောင်း ၅ျညအနမ္ဗ မ္မေငဝာနညအမေပ္ပ္ဘညသေညည ဥက္က၅ မှဆို၏။

ဂျန်နဝါရီ ၂၂ ၊ **Irrawaddy** ။ ။ နအဖ သည် ပြည်သူပိုင်လုပ်ငန်း ၁၀၀ ကျော်ကို ပုဂ္ဂလကသို့ ရောင်းချခြင်းနေကြောင်း။

# ကမ္ဘာ့လှည့်ခရီးသွားအလှမယ် ပြိုင်ပွဲကျင်းပပြုလုပ်မည်

**DVB** ၊ ဇန်နဝါရီ ၂၀ ။ ။ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်ပိုတိုးလာစေရေးဆွဲဆောင်နိုင်ဖို့အတွက် ပထမဆုံးအကြိမ် မြန်မာ့အလှမယ်ပြိုင်ပွဲတခု ဖေဖေါ်ဝါရီလမှာ ကျင်းပဖို့ပြင်ဆင်နေကြောင်းသိရပါတယ်။

ကမ္ဘာ့လှည့် ခရီးသွားအလှမယ်ပြိုင်ပွဲလို့ အမည်ပေးထားတဲ့ ဒီပွဲကို ဖေဖေါ်ဝါရီ ၁၂ ရက်၊ ပြည်ထောင်စုနေ့မှာ ရန်ကုန်မြို့အင်ယားလိတ်ဟိုတယ် မှာကျင်းပဖို့ပြင်ထားတာပါ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာတို့ပူးပေါင်းပြီး ဒီပွဲကို ကျင်းပတာပါ။ ပြိုင်ပွဲမှာ ပုဂ္ဂလိကခရီးသွားကုမ္ပဏီတွေက ရွေးချယ်ထားတဲ့ အလှမယ်တွေဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး ဆုတွေကိုတော့ ပထမဆု ကျပ်ဆယ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်း အသီးသီးချီးမြှင့်မယ်လို့လည်း ခရီးသွားလုပ်ငန်း ရှင်များအသင်းက တာဝန်ရှိပုဂ္ဂိုလ်တဦးက ပြောပါတယ်။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးသင်တန်းတွေမှာ ပို့ချပေးနေတဲ့ ဝါရင့်ဧည့်လမ်းညွှန်ဆရာတဦးကတော့ ခုလိုပြောပြပါတယ်။

"ကောင်းပါတယ် အဲဒါမျိုး မစ်တိုးရစ်စင်မျိုး Miss Tourism Matches (ကမ္ဘာ့လှည့်ခရီးသွားအလှမယ်ပြိုင်ပွဲ) လုပ်တာကောင်းတယ်၊ ဆရာလည်း Tourism development ထဲမှာ တခါနှစ်ခါလောက်တော့ ဆွေးနွေးခဲ့ဘူးပါတယ်၊ လုပ်စရာတွေရှိပါတယ်၊ ခွာတိုချင်း၊ ခွာတိုပွဲတို့၊ ကချင်မနောပွဲတို့၊ ဇလုံပွဲတော်တို့ဘာတို့ အဲဒါမျိုးလုပ်ကြတယ်၊ ဒီဟာတွေကတော့ ဗမာတွေသွားတာများတယ်၊ နာဂပွဲတွေ ဘာတွေကြတော့လေ။"

ဒီလိုမြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ယဉ်ကျေးမှုကို နိုင်ငံခြားသားတွေမြင်တွေ့ကြရမှာဖြစ်တဲ့အတွက် မြန်မာ့ယဉ်ကျေးမှု စစ်စစ်ကို အဓိကထားဖော်ပြစေချင်တယ်လို့လည်း ဧည့်လမ်းညွှန်ဆရင်း အကြံပြုပြောဆိုပါတယ်။ အခြားဧည့်လမ်းညွှန်တဦးကတော့ ခုလို ပြောပြပါတယ်။

"ဒါက ပုံမှန်လုပ်နေတဲ့ လမ်းကြောင်းကနေ ခွဲထွက်ပြီးတော့ လုပ်လိုက်တဲ့ပုံစံမျိုးလို့ဘဲမြင်တယ်လေ၊ဒီအပေါ်မှာတော့စိတ်ဝင်စားမှုဘယ်လိုရှိလာမလဲဆိုတာတော့ ကျနော်တို့ အသေအချာခန့်မှန်းလို့ မရသေးဘူးဖြစ်နေတယ်၊ Cultural Show (တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြပွဲ) ဆိုရင်တော့ ပိုပြီးတော့ကောင်းတာပေါ့နော်၊ အဲဒါမျိုးဆိုရင် တော်တော်စိတ်ဝင်စားလာနိုင်မယ့်အနေအထားမှာရှိတယ်၊ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ မွန်ဆိုရင်မွန်၊ ရှမ်းဆိုရင်လည်းရှမ်း အဲဒါမျိုးသူတို့ရဲ့ ကိုယ်ပိုင် ဓလေ့ထုံးစံလေးတွေရှိတယ်၊ ဂီတလေးတွေ ရှိတယ်၊ အဲဒါမျိုးလေးတွေနဲ့ မိတ်ဆက်ပေးရင်တော့ ပိုအဆင်ပြေတာပေါ့။"

မြန်မာနိုင်ငံကို စစ်အစိုးရအုပ်ချုပ်နေတဲ့ တိုင်းပြည်တပြည်အဖြစ် နိုင်ငံခြားခရီးသွားဝင်ရောက်မှုတွေမှာ ၂၀၀၇ ဆန္ဒပြပွဲနဲ့ ၂၀၀၈ နာဂစ်မုန်တိုင်းအပြီးကာလတွေမှာ အထူးကျဆင်းနေခဲ့တာကြောင့် အခုလိုခရီးသည် အလာများ ဖေအာင်စီစဉ်ကြတာဖြစ်တယ်လို့လည်း အခြားဧည့်လမ်းညွှန်အချို့က ဆိုပါ တယ်။ ဒီအခြေအနေမှာပဲ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ၂၀၀၉ –၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းနိုင်ငံခြားခရီးသည်တသန်းလာရမယ်လို့စီမံကိန်းချထားပြီ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဧည့်လမ်းညွှန်ကဘဲ အခုလို သုံးသပ်ပြပါတယ်။

"နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျနော်တို့အမြင်ကတော့ အများကြီးတော့ မရောက်လာနိုင်ဘူးပေါ့၊ နည်းနည်းလေးတော့ တိုးတက်လာနိုင်တယ်၊ အခြားအိမ်နီးချင်းနိုင်ငံတွေရဲ့အနေအထားနဲ့ကျနော်တို့နိုင်ငံမှာရှိတဲ့အနေအထားနဲ့ က နည်းနည်းကွာနေသေးတယ်၊ အဲဒါကိုတော့ လိုက်ယှဉ်လို့ ရမယ်မထင်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဧည့်သည်ရဲ့ Transporting (သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ၊ Proposition တွေက အစသူတို့ဘက်ကအားလုံးအဆင်ပြေတယ်လေ။ ကျနော်တို့ဒီဘက်မှာက ဧည့်သည်တွေကိုအခု ၁ သန်းလောက်မှန်းထားတာရှိတယ်ပေ့ါနော်၊ ၂၀၁၀ လာလည်ဖို့ အတွက်ကိုဒီလောက်ကြီးလာလည်မယ်ဆိုရင်တော့ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာနိုင်တယ်၊ ဒါပေမယ့် တဖက်ကလည်း အဲဒီလိုမျိုးအားနည်းတဲ့ အပိုင်းတွေကရှိနေတော့၊ ရင်းနှီးမြှပ်နှံမှုအပိုင်း၊ ဟိုတယ်၊ ကား ဒီလိုဟာမျိုးကအစ ဒီဘက်မှာပြန်ပြီး ထပ်ဖြည့်ရမယ့်အပိုင်းကလေးတွေ ရှိနေတယ်။"

လက်ရှိအခြေအနေမှာတော့ ၂၀၀၉–၂၀၀၁၀ ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်မှာ မင်္ဂလာဒုံလေဆိပ်ကနေ ဝင်ရောက်လာတဲ့ နိုင်ငံခြားသားခရီးသွားနှစ်သောင်းကျော် ဝင်ရောက်ခဲ့တယ်လို့ ဟိုတယ်ခရီးက ထုတ်ပြန်တဲ့ စာရင်းတွေအရ သိရှိရပါတယ်။

# ကချင် ဒီမိုကရေစီသစ်တပ်မတော် အဖွဲ့အထူးအစည်းအဝေးကျင်းပပြီးစီး

RFA ၊ ဂျန်နဝါရီ ၂၀ ။ ။ လွန်ခဲ့တဲ့ နိုဝင်ဘာလအတွင်းက မြန်မာစစ်အစိုးရနဲ့နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်ခံခဲ့တဲ့ ဒီမိုကရေစီသစ်တပ်မတော်ကချင် NDAK အဖွဲ့အတွင်း တပတ်ကြာအထူးအစည်းအဝေးကို မြစ်ကြီးနားမြို့မှာကျင်းပခဲ့ပြီး ဂျန်နဝါရီလ ၁၉ ရက်နေ့က ပြီးစီးသွားပြီလို့သိရပါတယ်။

အဲဒီအထူးအစည်းအဝေးမှာ ၁၇ ဦးပါအဖွဲ့ရဲ့ ဗဟိုအလုပ်အမှုဆောင်ကောင်စီကို နောက်ထပ် ၇ ဦးထပ်တိုးပြီး တိုးချဲ့ဖွဲ့စည်းခဲ့တယ်လို့ RFA က စုံစမ်းသိရှိရပါတယ်။ အစည်းအဝေးမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး ကိစ္စတွေအဓိကဆွေးနွေးခဲ့ကြတယ်။ ဗဟိုကောင်စီကို တိုးချဲ့ဖွဲ့စည်း တယ်ဆိုပေမယ့်တာဝန်ခွဲဝေမှုလည်း တိတိကျကျ မလုပ်နိုင်ခဲ့သလို ဘယ်ကိစ္စကိုမှရေရေရာရာအဖြေမရှာနိုင်ခဲ့ကြဘူးလို့ အဖွဲ့ရဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးမှယင်ဒေါင်ဟောင်းကပြော ပါတယ်။

"ကျနော်တို့ကပြောမယ်ဆိုရင် ဆွေးနွေးမယ့်အချိန်က နောက်ကျသွားပြီလေ။ ဘာမှသိပ်ဆွေးနွေးလို့လည်းမရတော့ဘူး ကြိုတင်ပြီးမှ ဒီကိစ္စတွေဘာမှမသိ ခင်ဆွေးနွေးရမယ့်ဟာ ဆွေးနွေးမှုဟာဘာမှ အဖြေရတယ်လို့ပြောဘို့ခက်တယ်။ ဒီကောင်စီဝင် ၇ ယောက်တိုးချဲ့ တယ်ဆိုတဲ့လူတွေဟာ ဘာလုပ်မလည်းဆိုတဲ့ဟာ ရှင်းရှင်းလင်းလင်းမရှိခဲ့ဘူး။ ပြီးမှ နယ်ခြားစောင့်ကူးပြောင်းသွားတဲ့လူတွေလည်း အခုထိတချို့က ထွက်ပြေးနေသေးတယ်ဆိုတော့ အခုကဘာမှဆွေးနွေးမှုအဖြေ တိတိကျကျဆွေးနွေးမှုမရှိခဲ့ဘူး။"

အခုဆိုရင် အဖွဲ့အတွင်းကကျောင်းဆရာတွေ၊ ဆေးဝန်ထမ်းတွေရဲ့လစာပြဿနာတွေဘယ်လိုရှင်းရမှန်းမသိဖြစ်နေပြီးစစ်အစိုးရနဲ့သဘောတူညီမှုမလုပ်ခင်ကတည်းက ဒါတွေကိုသေချာအောင် ဆွေးနွေးတောင်းဆိုတာတွေမလုပ်ခဲ့လိုဖြစ်တာလို့ ဗိုလ်မှူးကြီးမှယင်ဒေါင်ဟောင်းကပြောပါတယ်။

"အစိုးရနယ်ခြားစောင့်ကမ်းလှမ်းလာတဲ့အချိန်မှာအဲဒီဟာတွေ ကျနော်တို့ဆွေးနွေးဘို့ဖြစ်တယ်။ အစိုးရကိုတောင်းဆိုရမယ့်ဟာ ဘာလဲ။ လုပ်နိုင်တဲ့ဟာတွေကို ကျနော်တို့ကတောင်းဆိုရမှာ၊ ပြောမယ်ဆိုရင် ဆေးဆရာ၊ ဆေးဝန်ထမ်းတွေ၊ ကျောင်းဆရာတွေ၊ ကျနော်တို့လစာပေးနေတဲ့ ကျောင်းဆရာကိုက ၃၃၃ ယောက်ရှိတယ်။ အဲဒီလစာတွေဟာ နိုင်ငံတော်က ဘာအဖြေမှလည်းမရသေးဘူး။ ဘယ်လိုဆက်လက်ဆောင်ရွက်မယ်ဆိုတာလည်း မသိဘူး။ ပြီးတော့ ဆေးခန်းတွေကဆရာဝန်တွေကိုဘယ်လိုဆက်တာဝန်ယူမယ်၊ဆေးဝါးကိစ္စဘယ်လိုဆက်ဖြေရှင်းမယ် ဘာညာဆိုတဲ့ကိစ္စတွေကလည်း ရှင်းရှင်းလင်းလင်းဘယ်သူမှမပြောနိုင်ဘူး။"

စစ်အစိုးရကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲပြီးတဲ့အချိန်အထိ အဖွဲ့အတွင်းမှာ အခုလို မတင်မကျဆက်ဖြစ်နေဦးမှာဖြစ်ပြီး သူတို့အဖွဲ့အစည်းရဲ့အနာဂတ် ဟာလည်း ဘာမှရှင်းရှင်းလင်းလင်းမရှိဘဲ အခက်အခဲတွေနဲ့ ရင်ဆိုင်ရဦးမှာဘဲလို့ ဒီမိုကရေစီသစ်တပ်မတော် ကချင် NDAK အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးမှယင်ဒေါင်ဟောင်းက RFA ကိုပြောသွားပါတယ်။

# မြန်မာ့နိုင်ငံရေး အပြောင်းအလဲအပေါ် အမေရိကန် အားမရမှု NLD ထောက်ခံ

**VOA** ၊ ဇန်နဝါရီ ၂၀ ။ ။ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်းဘဲလ် (Kurt Campbell) က မြန်မာစစ်အစိုးရအပေါ် မှာ စိတ်မရှည်နိုင်ဘဲ ပြောဆိုရတာဟာ မြန်မာပြည်က တိုးတက်မှုမရှိတဲ့ လက်ရှိနိုင်ငံရေးအခြေအနေတွေကို ရောင်ပြန်ဟပ်နေတာမို့ အတိုက်အခံ နိုင်ငံရေး အင်အားစုတွေကလည်း အလားတူ သဘောထားအမြင်တွေ ရှိနေကြတာဖြစ်ပါတယ်။

စစ်အုပ်စုက မြန်မာပြည်တွင်းမှာ နိုင်ငံရေးအရ သိသာတဲ့ပြုပြင်ပြောင်းလဲမှုတွေ မလုပ်သေးတဲ့အပေါ် NLD အနေနဲ့ အားမလို အားမရဖြစ်မိတယ်၊ ဒါကြောင့် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မနေ့ကအခုလိုပြောဆိုလိုက်တဲ့အပေါ် သူတို့အနေနဲ့ ကြိုဆိုတယ်လို့ ပါတီပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းကတုံ့ပြန် ပြောဆိုပါတယ်။

"ကျနော်တို့ လုပ်ငန်းဆိုတာ သိပ်ပြီးတော့ အဆင်ပြေတာကို ပေါ်ရမယ်လို့မဆိုလိုဘူး။သို့သော်တိုးတက်မှု Development ရှိရမယ်ဗျ။ Development ကိုလုံးဝမတွေ့ဘဲနဲ့ ဒီလိုအချိန်ကြာနေတာကတော့ကျနော်တို့လည်းအားမလိုအားမရဖြစ်နေတာပေါ့ဗျာ။ ဒါကြောင့် အမေရိကန်ရဲ့ အခုပြောကြားချက်က လက်ခံထိုက်တဲ့ပြောကြားချက်လို့ ကျနော် ဒီလိုပဲ နားလည်ပါတယ်။"

တကယ်လို့စစ်အစိုးရဘက်ပြုပြင်ပြောင်းလဲမှုတွေမလုပ်ခဲ့ရင် အမေရိကန်အနေနဲ့ ဘယ်လိုတုံ့ပြန်မလဲဆိုတာကို သိချင်တယ်လို့လည်း ဦးဉာဏ်ဝင်းက ဆက်ပြောပါတယ်။

"ပြုပြင်ပြောင်းလဲမှုမရှိဘဲနဲ့ ဒီအတိုင်းချည်းပဲ သွားနေခဲ့မယ်ဆိုရင် ဘယ်လိုသဘောထားမလဲဆိုတာကို ပြောသင့်တယ်ထင်ပါတယ်။ ဒါတော့ သူတို့လည်း စဉ်းစားမှာပေါ့လေ။ ပြောသင့် ပြောထိုက်တဲ့အချိန်ဆိုတာကတော့ သူတို့ ဆုံးဖြတ်ရမှာပေါ့။"

စစ်အစိုးရက ဒီ ၂၀၁၀ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပေးမယ်လို့သာပြောဆိုနေပေမဲ့ ရွေးကောက်ပွဲကို ဘယ်တော့ကျင်းပမယ်ဆိုတာအခုချိန်ထိမထုတ်ပြန်သေးသလို ပါတီတွေဖွဲ့စည်းခွင့်၊ မဲဆွယ်စည်းရုံးခွင့်တွေလည်းမရှိသေးတာကြောင့်လည်း ဒီအခြေအနေမျိုးနဲ့ ရွေးကောက်ပွဲကို ကျင်းပခဲ့မယ်ဆိုရင် တရားမျှတမှုရှိနိုင်မှာမဟုတ်ဘူးလို့ လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အခု နှစ်မျိုး ကျနော်ပြောချင်ပါတယ်။ တမျိုးက အခုချိန်ထိ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ကြေညာချက် ဘာမှမရှိဘူး။ ၂၀၁၀ လုပ်မယ်လို့သာ ပြောတယ်။ အခု ဇန်နဝါရီ ကုန်တော့မယ်။ အဲဒီတော့ အရင်တွေ့ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံနဲ့ ပြောရရင် ၉၀ ရွေးကောက်ပွဲက ၁၃ လကြာပါတယ်၊ ကြေညာချက်ထွက်ပြီးတော့။ ၁၃ လအကြာမှာကျင်းပတယ်။ အခု အချိန်မရှိတော့တဲ့အခါ၊ အဲဒီလောက်ကို မရှိတဲ့အတွက် Free and Fair ဖြစ်ဖို့ အတော်ခဲယဉ်းနေပြီလို့ ကျနော် ထင်ပါတယ်။

"နောက်တခုက အခုအချိန်ထိ ဘယ်ပါတီ၊ အဖွဲ့အစည်းမှ ရွေးကောက်ပွဲဆိုင်ရာ ကမ်ပိန်း (Campaign)၊ စည်းရုံးလှုပ်ရှားခွင့် မရှိဘူး။ ဒီလို မရှိတဲ့ အခြေအနေမှာ ၂၀၁၀ ထဲမှာသာ လုပ်မယ်ဆိုရင် Free and Fair ဖြစ်ဖို့ အချိန်လုံလောက်မှု မရှိတော့ဘူးလို့ ကျနော်တို့ မြင်ပါတယ်။ အဲဒီလိုလုပ်မယ်၊ အချိန်နည်းနည်းပဲ ရှိမယ်ဆိုရင်တော့ Free and Fair မဖြစ်သလို Credibility တန်ဖိုးလည်းသိပ်ရှိမှာမဟုတ်ဘူးလို့ပဲ ကျနော် မြင်ပါတယ်။"

NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းတုံ့ပြန်ပြောဆိုခဲ့တာဖြစ်ပါတယ်။

တဆက်တည်းမှာပဲ CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီအတွင်းရေးမှူး ဦးအေးသာအောင်ကတော့ ရွေးကောက်ပွဲမတိုင်ခင် အတိုက်အခံ အင်အားစုတွေ၊ တိုင်းရင်းသား အင်အားစုတွေနဲ့ စစ်အစိုးရအနေနဲ့တွေ့ဆုံဆွေးနွေးဖို့လိုအပ်တာကြောင့် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီးကာ့တ်ကမ်းဘဲလ်ရဲ့ အခုလို ပြောဆိုချက်ကို ကြိုဆိုတယ်လို့ ဆိုပါတယ်။

"ကျနော်တို့ဖြစ်စေချင်တာက မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေဖြစ်ဖို့လိုတယ်။ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့လိုတယ်။ရွေးကောက်ပွဲမတိုင်ခင်မှာ ဒီအစိုးရနဲ့အတိုက်အခံတွေ၊တိုင်း ရင်းသား အင်အားစုတွေအားလုံးတွေ့အောင် အမေရိကန်ကိုယ်စားလှယ်တွေ ကနောက်ထပ်တွေ့ရှိချက်တွေနဲ့ပေါင်းစပ်ပြီးတော့ ဘယ်လိုများတိုးတက်လာအောင်လုပ်နိုင်မလဲဆိုတာကိုပဲကျနော်တို့က စောင့်ကြည့်နေတဲ့သဘောရှိပါတယ်။

"ဒီနေရာမှာတခုပြောချင်တာက မြန်မာနိုင်ငံအပြောင်းအလဲဖြစ်ဖို့အချိန်သိပ်အများကြီးပေးနေလို့တော့မဖြစ်ဘူးပေါ့။ဒါပေမဲ့အတိုင်းအတာတခုအထိတော့ သူတို့ကြိုးပမ်းဖို့လိုမယ်လို့ ကျနော့်အနေနဲ့ မြင်ပါတယ်။"

တဆက်တည်းမှာပဲ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံချင်တယ်လို့ တောင်းဆိုထားတာကိုလိုက်လျောပြီး အမြန်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ လိုအပ်တယ်လို့လည်း ဦးအေးသာအောင်က ပြောပါတယ်။

"လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို နအဖဘက်ကလည်း လုပ်ဖို့လိုမယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကလည်း တိုင်းပြည်မှာ အကျိုးရှိမယ့်လုပ်ငန်းတွေကို လက်တွဲဆောင်ရွက်ချင်တယ်၊ ဒါတွေအတွက် တွေ့ချင်တယ်လို့တောင်းထားတဲ့ အပေါ်မှာရော၊ အမေရိကန်နိုင်ငံရဲ့ဆောင်ရွက်တဲ့အပေါ်မှာရော အားလုံးကိုခြုံပြီးကြည့်မယ်ဆိုရင် အမြန်ဆုံးနည်းနဲ့တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့မယ်၊ နောက်တဆင့် တိုင်းပြည်မှာ တိုင်းရင်းသားတွေနဲ့ တွေ့ဆုံ ဆွေးနွေးပြီးတော့ မြန်မာနိုင်ငံရဲ့ပြဿနာတွေကို ရွေးကောက်ပွဲမလုပ်မီ အမြန်ဆုံးတိုးတက် ကောင်းမွန်လာအောင် ဆောင်ရွက်ဖို့လိုမယ်လို့ မြင်ပါတယ်။"

အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်းဘဲလ်က စစ်အုပ်စုက မြန်မာနိုင်ငံမှာ သိသာတဲ့ပြောင်းလဲမှုတွေ မလုပ်ဆောင်သေးတဲ့အပေါ် အမေရိကန်ဘက်က စိတ်မရှည်တော့ဘူးလို့ ပြောဆိုခဲ့တာနဲ့ ပတ်သက်လို့ CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီအတွင်းရေးမှူးဦးအေးသာအောင် တုံ့ပြန်ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

# အဲန်အယ်လ်ဒီရုံးခန်းပြန်ဖွင့်ခွင့်နဲ့ ပြင်ဆင်ခွင့်တောင်းထားမှု အကြောင်းမပြန်သေး

RFA ၊ ဂျန်နဝါရီ ၂၃ ။ ။ ချိတ်ပိတ်ခံထားရတာ ၆ နှစ်ရှိပြီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် – ရန်ကုန်တိုင်း ရုံးခန်းကို ပြန်လည်ဖွင့်လှစ်ခွင့်နဲ့ ပြင်ဆင်ခွင့်အတွက် ပြီးခဲ့တဲ့နှစ်အောက်တိုဘာလကတည်းက မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ကိုတင်ပြထားပေမယ့် အခုချိန်အထိ အကြောင်းမပြန်သေးဘူးလို့သိရပါတယ်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေတွေကို ပြဌာန်းမယ့်အချိန်ကို ရွေးကောက်ပွဲကော်မရှင်အနေနဲ့ စောင့်နေတာဖြစ်နိုင်တယ်လို့ ယူဆတဲ့အကြောင်း NLD ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဌ ဒေါက်တာသန်းငြိမ်းက ပြောပါတယ်။

“ကျနော်တို့အရင်တုန်းက တင်ထားတဲ့စာကို သူတို့ ကော်မရှင်ကိုပို့ထားတယ်လို့ အဲဒီလိုဘဲသိတယ်။ နောက်ထပ်တော့ ဘာမှအကြောင်းမပြန်သေးပါဘူး။ သို့သော်လည်းဘဲ ကျနော်ထင်ပါတယ်၊ ပါတီဖွဲ့စည်းရေးကိစ္စတွေ၊ ရွေးကောက်ပွဲကော်မရှင်ကိစ္စ ဥပဒေတွေထွက်လာလို့ရှိရင်တော့ ဒီကိစ္စဟာသူတို့ တပါတည်းဖြေ ရှင်းပေးရမယ့်ကိစ္စလို့ ကျနော်မြင်ပါတယ်။”

ရုံးခန်းပြန်လည်ဖွင့်ခွင့်နဲ့ပတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်တိုင်းရုံးက အဖွဲ့ချုပ် ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီဝင် ငါးဦးကို ပြီးခဲ့တဲ့ ၂၀၀၉ခုနှစ်၊ နိုဝင်ဘာလတုန်းက ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ အဲဒီနောက်ပိုင်း အခုချိန်ထိ ဘာမှထူး ခြားမှုမရှိဘူးလို့ ဒေါက်တာသန်းငြိမ်းကပြောပါတယ်။

အလားတူဘဲ တခြားပြည်နယ်နဲ့တိုင်းတွေမှာရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးခန်းတွေကို အာဏာပိုင်တွေကချိတ်ပိတ်ထားတာဟာ ၂၀၀၃ ခုနှစ် ဒီပဲယင်းလုပ်ကြံမှုကြီးနောက်ပိုင်းကတည်းက ဖြစ်ပါတယ်။ အခုလိုရုံးတွေချိတ်ပိတ်ခံထားရပေမယ့် အဖွဲ့ချုပ်ရဲ့စည်းရုံးရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နေ တယ်လို့ ဒေါက်တာသန်းငြိမ်းက ပြောပါတယ်။

“ကျနော်တို့ရန်ကုန်တိုင်းကတော့ မြို့နယ်ဖွဲ့စည်းရေးတွေပြီးအောင် ပြန်ပြီး တော့လုပ်နေတယ်။ နောက်ပြီးတော့ လူငယ်အဖွဲ့တွေလည်းဘဲ ဖွဲ့စည်းဘို့အတွက် မြို့နယ်တွေမှာကြိုးစားနေတယ်။ နောက်အမျိုးသမီးတွေလည်း ဖွဲ့နိုင်အောင်လုပ်နေပါတယ်။”

၂၀၁၀ ရွေးကောက်ပွဲကို တရားမျှတမှုရှိအောင် အများက ယုံကြည်လက်ခံနိုင်အောင်အတွက် နိုင်ငံရေးပါတီတွေကို လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ပြုဘို့လိုအပ်တယ်လို့ ကုလသမဂ္ဂနဲ့နိုင်ငံတကာအစိုးရတွေက စစ်အစိုးရကို တိုက်တွန်း တောင်းဆိုထားပါတယ်။

# စက်တင်ဘာလှုပ်ရှားသူများ တရားစွဲ

DVB ၊ ဂျန်နဝါရီ ၂၀ ။ ။ စက်တင်ဘာလှုပ်ရှားမှုနှစ်ပတ်လည်ကာလအတွင်းက ဖမ်းဆီးထားသူ ၈ ဦးကို ဒီနေ့ အင်းစိန်ထောင်တွင်း တရားရုံးက စွဲချက်တွေ တင်လိုက် ပြီလို့ ရှေ့နေဦးကျော်ဟိုးက ပြောပါတယ်။

သူတို့ ၈ ဦးကတော့ မန္တလေးမြို့က ကျောင်းဆရာ ဦးရဲမြင့်၊ မသန္တာထွန်းနဲ့ ကိုညို၊ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာက ဦးရေဝတ ခေါ် ရဲမြင့်နောင်၊ ဦးကောသိတ၊ ဦးဝိသုတ္တိ ခေါ် ဦးဝဏ္ဏာဌေး၊ ရေနံချောင်းမြို့က ဦးဝါယမ ခေါ် ဦးလှသိန်းနဲ့ ပဲခူးအနောက်ခြမ်းက ဦးကျော်ခင်တို့ဖြစ်ပါတယ်။ သူတို့ကို အသင်းအဖွဲ့ ပုဒ်မ၊ နိုင်ငံရေးပုဒ်၊ နယ်စပ်ဖြတ်ကျော်မှုစတဲ့ ပုဒ်မတွေနဲ့ တရားစွဲထားတာဖြစ်ပါတယ်။ သူတို့ ၈ ဦး ထဲက မသန္တာထွန်းနဲ့ ကိုညိုတို့ကို တရားရုံးက ဒီနေ့စွဲချက်တင်လိုက်တာနဲ့ပတ်သက်ပြီး သူတို့ရဲ့ ရှေ့နေဦးကျော်ဟိုးက အခုလို ပြောပြပါတယ်။

“အသင်းအဖွဲ့ပုဒ်မ ၇ ဆိုတာ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာအဖွဲ့ချုပ်နဲ့ဆက်သွယ်တယ်၊ နောက်ပြီးတော့ Generation Wave နဲ့ ဆက်သွယ်ဆိုပြီး စွပ်စွဲပြီးတော့ စွဲချက်တင်လိုက်တာပေ့ါ၊ ၁၃/၁ ကတော့နယ်စပ်ကိုတရားမဝင်ဖြတ်ကျော်ပြီးတော့ အဲဒီအဖွဲ့အစည်းက လူတွေနဲ့သွားတွေ့တယ်ဆိုပြီး စွပ်စွဲထားတယ်၊ ဒါနဲ့ပတ်သက်ပြီး ကျနော်တို့ထုချေရမယ့်အပိုင်းရှိလာတာပေ့ါ။”

သူတို့ ၂ ဦးကို မန္တလေးမြို့မှာ ဖမ်းဆီးပြီး အင်းစိန်ထောင်တွင်း တရားရုံးမှာ စစ်ဆေးနေတာဟာ တရားဥပဒေနဲ့ကိုက်ညီမှုမရှိကြောင်း တင်ပြတာကို လက်မခံဘဲ စွဲချက်တင်လိုက်တာဖြစ်တယ်လို့ ဦးကျော်ဟိုးက ဆက်ပြောပြပါတယ်။

“မန္တလေးမှာ အဖမ်းခံရတယ်၊ ဖြစ်တာလည်း မန္တလေးက၊ အဲဒါကို လျှောက်လဲချက် ပေးတဲ့အခါကျတော့ မန္တလေးမှာ ဖမ်းရင် မန္တလေးမှာ စစ်ရမယ်၊ ရန်ကုန်မှာ စီရင်ပိုင်ခွင့်မရှိဘူး၊ အဲဒါ တရားရှင်လွှတ်ပေးဖို့ တင်ပြခဲ့တယ်လေ၊ တရားသူကြီးက ဒါကိုလက်မခံဘူး၊ လက်မခံဘဲနဲ့ စွဲချက်တင်လိုက်တာပေ့ါ။”

သူတို့ ၈ ဦးထဲက ဦးကောသိတ၊ မသန္တာထွန်းနဲ့ ကိုညိုတို့ ၃ ဦးအတွက်ပဲ ရှေ့နေလိုက်ပေးနေပြီး ကျန်လူတွေကတော့ ရှေ့နေမပါဘဲအမှုရင်ဆိုင်နေကြရတယ်လို့ဆိုပါတယ်။ သူတို့အထဲက အများစုဟာ မိသားစုတွေကထောင်ဝင်စာလာတွေ့နိုင်ခြင်းမရှိသေးတာကြောင့် အခက်အခဲနဲ့ကြုံတွေ့နေကြရတယ်လို့လည်း ဦးကျော်ဟိုးက ပြောပါတယ်။

# ပါတီခေါင်းဆောင်ပိုင်းအစည်းအဝေးကျင်းပ

RFA ၊ ဂျန်နဝါရီ ၁၈ ။ ။ အသစ်ထပ်မံအားဖြည့်ဖွဲ့စည်းထားတဲ့ ဗဟိုအလုပ်အမှုဆောင်သစ်တွေ အပြည့်အစုံတက်ရောက်တဲ့ ပါတီခေါင်းဆောင်ပိုင်း အစည်းအဝေးတရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ဒီကနေ့ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဒီအစည်းအဝေးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပြည်နယ်နဲ့တိုင်းအလိုက် ဗဟိုဦးစီးအဖွဲ့သစ်တွေကို ပြင်ဆင်ဖွဲ့စည်းသွားမယ့်အကြောင်း ဆွေးနွေးခဲ့တယ်လို့ ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးခင်မောင်ဆွေက RFA ကို ပြောပါတယ်။

“မူအားဖြင့်တော့ ကြေညာချက်အမှတ် ၇/၁၀/၀၉ မှာပါတဲ့အတိုင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုတိုးချဲ့ပြီး ဗဟိုဦးစီးအဖွဲ့ကို ဖွဲ့စည်းပေးမယ်ဆိုပြီး ကြေညာချက်အတိအလင်းထွက်ထားပါတယ်။ ဒါကြောင့်မို့လို့ ပြည်နယ်နဲ့တိုင်းအလိုက် ဗဟိုဦးစီးအဖွဲ့ဝင်တွေ တနိုင်ငံလုံးဖွဲ့ဘို့ ဆွေးနွေးညှိနှိုင်းနေပါတယ်။”

ဒါပေမယ့် အခုလိုပါတီတွင်း ဗဟိုအလုပ်အမှုဆောင်နဲ့ ဗဟိုဦးစီးအဖွဲ့တွေကို တိုးချဲ့ဖွဲ့စည်းတာနဲ့ပတ်သက်လို့ ရွေးကောက်ပွဲကော်မရှင်ရဲ့ခွင့်ပြုချက်ရယူဘို့မလိုဘူးလို့လည်း ဦးခင်မောင်ဆွေကတဆက်တည်းရှင်းပြပါတယ်။

“၉၀ ခုနှစ်ရွေးကောက်ပွဲတုန်းက ရွေးကောက်ပွဲကော်မရှင်က စည်းမျဉ်းစည်းကမ်းတွေရှိပါတယ်၊ သက်ဆိုင်ရာပါတီတွေက သူတို့ပါတီဝင်တွေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့အပါအဝင် အဆင့်ဆင့်သော ပါတီတွင်းအဖွဲ့တွေကိုမိမိတို့သဘောကျနှစ်ခြိုက်သလို လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိတယ်လို့ပြဌာန်းထားပါတယ်။ ဒါပေမယ့်လို့ NLD အနေနဲ့ အကြောင်းကြားတာကတော့ လုပ်နည်း လုပ်ဟန်အရ လိုက်နာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကော်မရှင်အနေနဲ့ တုန့်ပြန်လာ စရာအကြောင်းမရှိပါဘူး။”

ပါတီတည်ဆောက်ရေးလုပ်ငန်းတွေမှာလည်း အမျိုးသမီးတွေရဲ့ပါဝင်မှုအခန်းကဏ္ဍကိုဦးစားပေးသွားမှာဖြစ်တယ်လို့ဦးခင်မောင်ဆွေကပြောပါတယ်။ အပတ်စဉ် တနင်္လာနေ့တိုင်းကျင်းပနေကျ ဗဟိုအလုပ်အမှုဆောင်အ စည်းအဝေးကို အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ဦးအောင်ရွှေ၊ ဦးလွင်နဲ့ နေအိမ်အကျယ်ချုပ်ထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ကလွဲပြီး အားလုံးတက် ရောက်ခဲ့ကြပါတယ်။

# စစ်မှန်သောရွေးကောက်ပွဲ၊ အာဏာရှင်ရွေးကောက်ပွဲနှင့် မြန်မာပြည်အနာဂတ်(အပိုင်း-၄)

**ခင်မမမျိုး**

လက်တွေ့မပါတဲ့ပညာရှင်ကလည်း အတွေ့အကြုံမရှိတာကို ကိုယ့်ကို ကိုယ်သိပြီး အငုံ့စိတ်ရှိတယ်၊ လက်တွေ့ဘဲရှိပြီး စာတွေ့နည်းသူကလည်း သီအိုရီသမားတွေပြောတိုင်းလက်ခံရမှာလားဆိုပြီး မိမိမှာစာတွေ့အားနည်းတာကို အငုံ့စိတ်ရှိတယ်။ အဲဒီမှာတင် မာနတွေ၊ အငုံ့စိတ်တွေ တိုက်ခတ်မိကြပြီး သည်းမခံနိုင်သူတွေကလည်း ဘေးထွက်ထိုင်တယ်။ ‘ငါ့ကိုဒီလိုလုပ်ရမလား’ဆိုပြီးမာနနဲ့မခံချင်စိတ်တွေ ရောထွေးလာသူတွေကျတော့ ရန်သူနဲ့သွားပေါင်းသူကလည်းပေါင်းတယ်။ ရန်သူနဲ့မပေါင်းဘဲ တစင်ထောင်သူကလည်းထောင်တယ်။ ဒါတွေဟာအငုံ့စိတ်နဲ့ ဘာတပြန် ကျားတပြန် ခွဲခြားမှုတွေ၊ ပညာ၊အတွေ့အကြုံတွေနဲ့ပတ်သက်တဲ့မာနတွေ၊ ရန်သူရဲ့သပ်လျှိုသွေးခွဲမှုတွေ၊ ရန်သူ့ဘက်တော်သား တွေ ပါဝင်လာတာတွေအားလုံး ပေါင်းဆုံသွားလို့ဘဲဖြစ်ပါတယ်။

ဘယ်လိုဘဲဖြစ်ဖြစ် အာဏာရှင်ရွေးကောက်ပွဲတွေဟာ အတိုက်အခံအင် အားစုတွေကို ဖြိုခွဲပြစ်နိုင်စွမ်းရှိတယ်။ ဒါကို လေးလေးနက်နက်သတိပြုမိပြီး အတိုက် အခံအင်အားစုတွေဟာ တော်လှန်ရေးအတွေးအခေါ် ညီညွတ်ကြဘို့လိုတယ်။ညီညွတ်ရေးဆိုတာမှာလည်း ဒီစကားလုံးဆိုလိုက်တာနဲ့ အဖွဲ့ချုပ်ကြီးတွေ တပ်ပေါင်းစုကြီးတွေဘဲသွားမြင်နေတတ်ကြတာ ကျမတို့မြန်မာတွေရဲ့အားနည်းချက်တရပ်လို့ဘဲ ဆိုရမှာပါဘဲ။ ဒီလိုနဲ့ညီညွတ်ဘို့ တပ်ပေါင်းစုကြီးတွေ ထပ်ထောင်ကြ၊ ကွဲကြပြဲကြ၊ ဟိုအဖွဲ့ပေါ်လာ ဒီအဖွဲ့ပေါ်လာနဲ့ နှစ်ပေါင်းများစွာကြာအောင် မပြီးနိုင်တဲ့အဖွဲ့တည်ထောင်ရေး သံသရာစက်ဝန်းကြီးတွေလည်နေကြ တော့တာပါဘဲ။

လူတွေကလည်း ဟိုအဖွဲ့ကြည့်လည်းဒီလူ၊ ဒီအဖွဲ့ကြည့်လည်းဟိုလူဘဲလည်နေတတ်ကြတယ်။ တော်လှန်ရေးအင်အားစုတွေရဲ့ ညီညွတ်ရေးဆိုတာ တိုက်ပွဲရှိမှထွက်ပေါ်လာတာဖြစ်တယ်။ တိုက်ပွဲမရှိဘဲ ညီညွတ်ရေးလုပ်နေရင်တော့ အဖွဲ့ဥက္ကဋ္ဌလုနေကြ၊ အဖွဲ့နာမည်ရွေးနေကြနဲ့တင် အချိန်ကုန်နေကြမှာဘဲ။ အဓိကက စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးဆိုတဲ့ တော်လှန်ရေးအတွေးအခေါ်မှာ ညီညွတ်ဘို့ဘဲ၊ တော်လှန်ရေးအတွေးအခေါ်မှာ အခြေခံပြီးမှတိုက်ပွဲဝင်လမ်းကြောင်း ဆိုတာ ချမှတ်လို့ရတာဖြစ်တယ်။

တချို့ကဒီ လိုအတွေးခေါ်မျိုးရှိနေလို့ အတိုက်အခံဖြစ်တာပေါ့လို့ ဆိုချင်ဆိုကြမယ် တကယ်ပြန်ဆန်းစစ်ကြည့်ပါ၊ ဒီလိုအတွေးအခေါ်ပေါ်မှာအခြေခံတဲ့ လမ်းစဉ်တွေကိုတကယ်ဘဲချမှတ်လုပ်ကိုင်နေကြသလား။ မိမိတို့ပါတီမိမိတို့ အဖွဲ့အစည်းရပ်တည်ရေးကိုဘဲ ဦးစားပေးနေကြသလားဆိုတာ ပြန်ဆန်းစစ်ဘို့လိုနေပြီဖြစ်တယ်။ မြေပေါ် မြေအောက် မီဒီယာအစရှိပြီး လုပ်နည်းလုပ်ဟန်ကွဲပြားမှုဆိုတာက နားလည်လက်ခံလို့ရပေမယ့်စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေတဲ့ လုပ်နည်းလုပ်ဟန်တွေဖြစ်မသွားစေဘို့ သတိပြုမိဘို့လိုအပ်တယ်။ မြန်မာပြည် ရဲ့မျက်မှောက်ခေတ်မှာ လိုအပ်နေတဲ့ညီညွတ်ရေးဆိုတာက ဒီလို တော်လှန်ရေးအတွေးအခေါ် ညီညွတ်ရေးကိုဆိုလိုတာဖြစ်တယ်။ အဖွဲ့ ဖွဲ့ရေးသံသရာစက်ဝန်းထဲမှာ တဝဲလည်လည် ပတ်ချာလည်နေတာကို ဆိုလိုတာမဟုတ်ပါဘူး။

တော်လှန်ရေးထဲမှာ ကိုယ့်ကိုကိုယ်ဘောင်ပြန်ခတ်ထားကြတဲ့ အယူအဆတွေနဲ့ ပြုမူဆောင်ရွက်မှုတွေကို တော်လှန်ရေးအတွေးအခေါ်ကသာ ကျော်လွှားနိုင်လိမ့်မယ်။ ‘ဒို့ကတော့ ရှစ်လေးလုံးအုပ်စုတွေ၊ ဒို့ကတော့ ရွေးကောက်ခံကိုယ်စားလှယ်တွေ၊ ဒို့ကတော့ ဒီပဲယင်းအုပ်စု၊ ဒို့ကတော့ အဲန်အယ်လ်ဒီ၊ ဒို့ကတော့ ကျောင်းသား၊ ဒို့ကတော့....’ဆိုတဲ့ ဘောင်ခတ်မှုတွေဟာတော်လှန်ရေးရဲ့ စည်းရုံးရေးကို ကျဆင်းစေတဲ့အချက်တွေဆိုတာ သတိပြုသင့်တဲ့အချိန်ရောက်နေပြီဖြစ်တယ်။

ဒီလိုဘောင်ခတ်လိုက်တာနဲ့ အသွင်မတူတာတွေကို စည်းဝိုင်းပြင်ကို တွန်းပို့လိုက်သလိုဖြစ်သွားတတ်တယ်။ တော်လှန်ရေးမှာပေးဆပ်ခဲ့မှုဆိုတာ တွေကို သူများတွေကသာ တလေးတစားဆုံးဖြတ်ပေးမှာဖြစ်တယ်။ ကိုယ်က ကိုယ့်ကိုယ်ကို ဘယ်လောက်လုပ်ခဲ့တာ၊ ဘယ်လိုပေးဆပ်ခဲ့ရတာဆိုပြီး လိုက်ပြောနေရင် လူအရှိအသေတန်တတ်တယ်။ ကမ္ဘာ့တော်လှန်ရေးသမိုင်းတလျှောက်မှာ လူမသိ သူမသိ အသက်ပေးစွန့်လွှတ်ခဲ့ကြသူတွေ အများကြီးဘဲဖြစ်တယ်။ ဖက်ဆစ်တော်လှန်ရေးမှာ ဆက်သားလေးတွေအနေနဲ့ တာဝန်ကျေခဲ့ကြတဲ့ကလေးငယ်လေးတွေ ဘယ်လောက်အရေအတွက်အထိ ဖက်ဆစ်လက်ထဲကျရောက်ခဲ့သလဲ။ လူမသိ သူမသိ သေခဲ့ကြသလဲဆိုတာ ဘယ်သူမှမပြောနိုင်ဘူး။

ဒါပေမယ့် ဒီလိုပေးဆပ်မှုကို သူတို့ကျေနပ်ခဲ့ကြတယ်။ သေနိုင်မယ့်အလုပ်မှန်းသိလျှက်နဲ့ ကျေကျေနပ်နပ်လုပ်ခဲ့ကြတယ်။ ကိုယ်သတ်မှတ်တဲ့တန်ဘိုးကိုယ်ယုံကြည်တဲ့ယုံကြည်ချက်၊ ကိုယ်ရွေးတဲ့ရပ်တည်ချက်အတွက် ကိုယ့်ရဲ့ပေးဆပ်မှုတွေကို မိမိကိုယ်ကိုကျေနပ်ဂုဏ်ယူနေဘို့က အရေးကြီးဆုံးမဟုတ်ဘူးလား။ လူတကာကိုလိုက်ပြောပြီး ‘မင်းတို့နဲ့ငါက မတူဘူးနော်၊ ငါကဘယ်လိုလုပ်ခဲ့တာ၊ ဘယ်လိုပေးဆပ်ခဲ့တာ မင်းတို့ငါနဲ့လာမယှဉ်နဲ့’လို့ လိုက်ယှဉ်ပြနေစရာမလိုအပ်ဘူး။

ဒါတွေဟာ ကိုယ့်ကိုကိုယ်ဘောင်ခတ်လိုက်တာတွေဘဲဖြစ်ပါတယ်။ ဒီလိုဘောင်ခတ်လိုက်တာနဲ့ လူထုစည်းရုံးရေးမှာ အခက်အခဲတွေဖြစ်လာတတ်သလို ကိုယ်ပါဝင်တဲ့တော်လှန်ရေးကြီးတခုလုံးရဲ့ ပုံရိပ်လည်းကျဆင်းတတ်ပါတယ်။ တော်လှန်ရေးကိုတကယ်တန်ဘိုးထားတယ်ဆိုရင် ကိုယ့်ကြောင့် တော်လှန်ရေးမှာ လူသစ်တယောက်မရောက်လာရင်တောင် ရှိပြီးသားလူတွေမဆုံးရှုံးစေသင့်ဘူး။ တော်လှန်ရေးရဲ့စည်းရုံးရေးကို မထိခိုက်စေသင့်ဘူး။တိတိကျကျဆိုရရင် groups တွေပေါ်ထွက်လာမှုဟာကောင်းပါတယ်။ ဒါပေမယ့် ဘောင်ခတ်ပြီးပိတ်မိနေတဲ့ အုပ်စုတွေ မဖြစ်စေဘို့ကိုလည်း သတိထားသင့်ကြတယ်။

အဓိက ကတော့ မြန်မာ့နိုင်ငံရေးဟာ အထည်ကြီးပျက်နိုင်ငံရေးမဟုတ်၊ ချိန်ကအောင်မြင်ခဲ့တာလေးတွေကို သာယာနေရုံနဲ့ အောင်ပွဲရမှာမဟုတ်။လက်ရှိအခြေအနေမှာ လက်ရှိလူသူအင်အား၊ လက်ရှိတော်လှန်ရေးရေစီးကြောင်း တွေနဲ့ဘာလုပ်ဘို့လိုတယ်ဆိုတာကိုဦးစားပေးကြဘို့ အချိန်တန်နေပါပြီ။ ဘောင်ခတ်မှုတွေကြောင့် တော်လှန်ရေးအတွေးခေါ်တွေကို မထိခိုက်မိစေဘို့အရေးကြီးပါတယ်။ တော်လှန်ရေးအတွေးခေါ်ပေါ်မှာအခြေခံတဲ့ညီညွတ်ရေးမှာ ပြည်သူတရပ်လုံးပူး ပေါင်းဆောင်ရွက်လာစေရေးကသာ အဓိကပန်းတိုင်ဖြစ်သင့်ပါတယ်။ အာဏာရှင်ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာမယ့် အက်ကြောင်းတွေအတွက် သတိထားပြီး ပြင်ဆင်ထားသင့်ပါတယ်။

## အာဏာရှင်ရွေးကောက်ပွဲနှင့် ဒေါက်တိုင်ပြိုလဲမှု ထိန်းသိမ်းခြင်း

စစ်အာဏာရှင်နိုင်ငံတွေက အာဏာရှင်တွေဟာ သူတို့အာဏာတည်မြဲဘို့အတွက် စစ်တပ်ကိုအာဏာရှင်ဒေါက်တိုင်တွေအဖြစ် အသုံးချရပါတယ်။ ဒီလိုနဲ့ အာဏာရှင်သက်တမ်းတွေကြာလာတဲ့အခါ အာဏာရှင်တွေရဲ့ ပင်မဒေါက်တိုင်တွေဖြစ်တဲ့ စစ်တပ်အတွင်းမှာ မကျေနပ်မှုတွေ၊ ကွဲလွဲမှုတွေ ပေါ်ပေါက်လာပါတယ်။ ဒီဒေါက်တိုင်တွေပြိုလဲရင် အာဏာရှင်စနစ်ပြိုလဲနိုင်တာကြောင့် အာဏာရှင်တွေဟာ တပ်မတော်နဲ့စစ်အာဏာရှင်အစိုးရအကြားက မကျေလည်မှုပြဿနာရပ်တွေကို အာဏာရှင်ရွေးကောက်ပွဲများကျင်းပပြီး ဖြေရှင်းလေ့ရှိတယ်လို့ နိုင်ငံရေးပညာရှင် Geddes ကဆိုထားခဲ့ဘူးပါတယ်။ အာဏာရှင်နိုင်ငံတွေအတွက်တော့ စစ်တပ်ဆိုတာ အာဏာရှင်တွေရဲ့ Coercive Power ကို ထိန်းသိမ်းပေးနိုင်တဲ့ အဓိက ဒေါက်တိုင်ကြီးဖြစ်ပါတယ်။

**ရှေ့တပတ်မှဆက်လက်ဖော်ပြပါမည်**

# အိုင်အယ်လ်အိုအရာရှိ လူ့အခွင့်အရေးလှုပ်ရှားသူများနဲ့တွေ့ဆုံ

Irrawaddy ၊ ဂျန်နဝါရီ ၂၃ ။ ။ မြန်မာနိုင်ငံက ရန်ကုန်မြို့သို့ရောက်ရှိနေသော ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာကယ်ရီတာပီအိုလာနှင့်အဖွဲ့သည်လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ယနေ့ နေ့လည်ပိုင်းက တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါတယ်။

ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်ရှိ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရံပုံငွေအဖွဲ့ UNICEF ရဲ့ အစည်းအဝေးခန်းမတွင်ကျင်းပသော အဆိုပါဆွေးနွေးပွဲသို့ လမ်းပြကြယ်အဖွဲ့မှ ဦးအေးမြင့်၊ ရှေ့နေကြီး ဦးအောင်သိန်းအပါအဝင် ILO နှင့်ဆက်သွယ်၍ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကလေးစစ်သားအရေးလုပ်ဆောင်နေသူများတက်ရောက်ခဲ့ကြပါတယ်။

"အဓိက ကတော့ သူတို့နဲ့အစိုးရနဲ့ နောက်ထပ်သက်တမ်းတနှစ်တိုးပြီး အလုပ်လုပ်တဲ့ကိစ္စတွေကိုရှင်းပြတာ။ နောက်ပြီး သူတို့စကားခံထားတာက သူတို့ဟာ နိုင်ငံရေးအဖွဲ့အစည်းမဟုတ်ပါဘူး။ သူတပါးပြည်တွင်းနိုင်ငံရေးကိုဝင်ရောက် စွက်ဖက်ခြင်းလည်းမရှိပါဘူး။ ILO နဲ့ အစိုးရနဲ့လုပ်ကိုင်ထားတဲ့ ရရှိတဲ့အခွင့်အရေး လေးနဲ့ဘဲ အခွင့်အရေးမှန်သမျှကို လုပ်ပေးပါတယ်ဆိုတဲ့အကြောင်းပြောတယ်။" လို့ လမ်းပြကြယ်အဖွဲ့မှာ ဦးအေးမြင့်ကပြောပါတယ်။

တက်ရောက်လာသူများက မြန်မာပြည်တွင် ရင်ဆိုင်နေရသော အလုပ်သမားထု၏ လစာနှင့်လုပ်အား မမျှတမှုများ၊ အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် ကလေးစစ်သားကိစ္စများကို ILO သို့ လွတ်လပ်စွာတိုင်ကြားနိုင်ရေးတို့ကို တင်ပြခဲ့ကြတယ်လို့ သူကဆိုပါတယ်။ ကယ်ရီတာပီအိုလာက ကလေးစစ်သားအရေး၊ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ ILO နှင့်ဆက်သွယ်သူ၊ သတင်းပေးတိုင်ကြားသူများကို ဖမ်းဆီးခြင်းစသည်များဖြစ်ပေါ်လာပါက အထောက်အထားပြည့်စုံစွာဖြင့် အချိန်မရွေးပြောကြားရန် သတင်းပို့ရန်ပြောဆိုတယ်လို့သိရပါတယ်။

ဦးအေးမြင့်ကဆက်လက်၍ "သူတို့က ကလေးစစ်သားသတင်းနဲ့ပတ်သက်ပြီး သူတို့ဆီမတိုင်ခင် မီဒီယာတွေကို အရင်မတက်ဘို့ပြောပြတယ်။ မီဒီယာ တွေအပေါ်အရင်တက်တော့ သူတို့လုပ်ကိုင်ရတာ အခက်အခဲတွေပိုများတယ်လို့ပြောတယ်။ မီဒီယာတွေပေါ်တက်မယ်ဆိုရင် သူတို့နဲ့ကိစ္စတွေလုပ်ပြီးမှ ကလေးအိမ်ပြန်ရောက်ပြီးမှပြောဘို့ပေါ့။ လွတ်လပ်စွာပြောဆိုခွင့်ကို ပိတ်ပင်တော့မဟုတ်ပါဘူး ပေါ့။ ပြောချင်တယ်ဆိုရင်လည်း ပြောပါတဲ့။ အကျပ်အတည်းကြားက လုပ်ရတဲ့သူတို့ အခြေအနေကို ပြောပြတာပေါ့။" လို့ ပြောပါတယ်။

ထို့အတူ ILO သို့ လယ်မြေသိမ်းမှုများတိုင်ကြားခဲ့၍ဖမ်းဆီးခံနေရသော အောင်လံမြို့မှ ကိုဇော်ဌေးရဲ့အမှုလိုက်ရှေ့နေကိုဖိုးဖြူနှင့် လယ်သမားများရဲ့ အမှုအခြေအနေ၊ အယူခံတင်ထားမှုအခြေအနေများကိုလည်း ရှေ့နေကြီးဦးအောင်သိန်းနဲ့ပြောဆိုဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ILO ကိုယ်စားလှယ်ကယ်ရီတာပီအိုလာက ဖမ်းဆီးထားသူများအတွက် မည်သို့လုပ်ဆောင်ထားသည်ကိုမှုနေပြည်တော်တွင် အစိုးရအဖွဲ့နဲ့ပြောဆိုဆွေးနွေးထားကြောင်း ဖြေကြားခဲ့တယ်လို့ ဆိုပါတယ်။

ကယ်ရီတာပီအိုလာနဲ့အဖွဲ့သည် ဂျန်နဝါရီလ ၁၇ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နဲ့ အဓမ္မလုပ် အားပေးခိုင်းစေမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို တနှစ်ထပ်မံသက်တမ်းတိုး ချုပ် ဆိုခဲ့ပါတယ်။ ယင်း သက်တမ်းတိုးမှုသည် ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်နေ့ တွင် ဆွစ်ဇလန်နိုင်ငံ၊ ဂျနီဗာမြို့မှာချုပ်ဆိုတဲ့ နားလည်မှုစာချွန်လွှာနဲ့ အစည်းအဝေးမှတ်တမ်းအား သက်တမ်းဆိုးမြှင့်ခြင်း သဘောတူညီချက်ဟု ILO ကထုတ်ပြန်ထားပြီး ယခုသက်တမ်းတိုးခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရပါတယ်။

မစ္စတာ တာပီအိုလာသည်ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့ကလည်း အောင်လံမြို့မှ ဖမ်းဆီးထိန်းသိမ်းခံ လယ်သမားများရဲ့မိသားစုဝင်များကို သွားရောက်တွေ့ဆုံအားပေးခဲ့သေးတယ်လို့ဆိုပါတယ်။ "သူ့ရဲ့ကြိုးပမ်းမှုတွေနဲ့ ILO နဲ့ စစ်အစိုးရကြားမှာထားတဲ့ ကတိတွေဟာ အလုပ်သမား၊ လယ်သမားတွေအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာမလဲဆိုတာကတော့ စောင့်ကြည့်ရဦးမှာပေါ့ဗျာ။" လို့ လမ်းပြကြယ်မှဦးအေးမြင့်က ပြောသွားပါတယ်။

# ကချင်အထူးဒေသ ၁ အဖွဲ့ပိုင် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းထားရ

DVB ၊ ဂျန်နဝါရီ ၂၀ ။။ အနယ်ခြားစောင့်တပ် အသွင်ပြောင်းခဲ့တဲ့ ဦးဆခုန်တိန့်ယိန်း ဦးဆောင်တဲ့ ကချင်အထူးဒေသ ၁ အဖွဲ့ရဲ့ အထူးအစည်းအဝေးကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ ဒီလ ၁၃ ရက် ကနေ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။

အဲဒီအစည်းအဝေးတွင် ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခြင်း မရှိသေးဘဲ ရှေ့ဆက်လုပ်ငန်းတွေအတွက် နအဖကို ပြန်လည်တင်ပြပြီးမှ တုန့်ပြန်လာမှုအပေါ်မှာသာ မူတည်နေတယ်လို့ ယခင်ဗိုလ်မှူးကြီးတာဝန်ယူခဲ့တဲ့ ခေါင်းဆောင်တဦးဖြစ်သူ မုယင်ဒေါင်ဟောင်းက ပြောပါတယ်။

"ကြားကာလမှာ ဘယ်လို ဆက်လက် တာဝန်ယူမလဲ၊ တပ်ကျတော့ အ သွင်ကူးပြောင်းသွားပြီ၊ ဒါပေမယ့် ဒေသခံလူထုတွေနဲ့ ဘယ်သူက အုပ်ချုပ်ရေး ဘယ်လို ကာကွယ်ထိန်းသိမ်းသွားမလဲဆိုတဲ့ ကိစ္စတွေပါတယ်၊ ဒီမှာ ကျောင်းဆရာ၊ ဆရာမတွေ ၃၃၃ ဦးရှိတယ်။ ကျနော်တို့လစာပေးနေတဲ့ဟာ၊ ဆေးအမှုထမ်းတွေ၊အဲဒီဟာတွေဆက်လက်ဆွေးနွေးဖို့လိုမယ်။ "ဘယ်အဖွဲ့က ဘယ်လိုတာဝန်ယူသွားမယ်ဆိုတာ အဖြေအတိအကျမရခဲ့ဘူး။ အဲဒီကိစ္စ အစိုးရနဲ့လည်း တိုင်ပင်ဖို့လိုသေးတယ်။ အစိုးရနဲ့ပြန်လည်တင်ပြပြီး သူတို့ ဘာအဖြေပေးသလဲဆိုတဲ့အပေါ်မှာမူတည်တယ်။ အခုကတင်ပြဖို့ အဓိကဖြစ်နေတယ်။" တပ်မှ အနားယူရတဲ့ သူတွေအတွက် ပင်စင်လစာကိစ္စတို့မှာလည်း ခုထိမရရှိသေးဘဲ သူတို့ကို ဘယ်လို ထောက်ပံ့ပေးမယ်ဆိုတာကိုလည်း ယခုပြုလုပ်သွားတဲ့ အစည်းအဝေးမှာ ဆွေးနွေးခဲ့ပေမယ့် ဆုံးဖြတ်ချက်မချနိုင်ဘဲဖြစ်နေတယ်လို့ပြောပါတယ်။ အခုအခါ ကချင်အထူးဒေသ ၁၊ အဖွဲ့ပိုင် စီးပွားရေးလုပ်ငန်းများမှာ ရပ်ဆိုင်းထားရသလို အဖွဲ့ခေါင်းဆောင်တွေမှာလည်း အလုပ်လက်မဲ့ဖြစ်နေကြောင်း မုယင် ဒေါင်ဟောင်းက ပြောပါတယ်။

"ကုမ္ပဏီလုပ်ငန်းတွေ ရှိတယ်။ အဲဒီ လုပ်ငန်းကလည်း လောလောဆယ်ရပ်နေရတယ်။ မကြာခင် ဘယ်လိုပြန်စမယ်ဆိုတာ အစိုးရနဲ့အဖြေတခုခု ရလာရင် လုပ်ငန်းပြန်စဖို့ဖြစ်နိုင်တယ်။ ဒို့ပြင်လုပ်ငန်းတွေမရှိဘူး။ ကုမ္ပဏီလုပ်ငန်းတွေရှိတယ်။ သိပ်အောင်မြင်မှုမရှိဘူး။ အခုဖွဲ့စည်းပုံကတော့ မပျက်ဘူး။ အလုပ်မရှိဖြစ်နေကြတယ်။ အခုလုပ်ငန်းနဲ့ပတ်သက်ပြီး လူကြီးတွေက အားလုံးရှိပါတယ်။ အားလုံးလည်းစုံပါတယ်။ ဒါပေမယ့် အဓိက ဘယ်သူက ဘာတာဝန်ကိုယူရမယ်ဆိုတာမရှိဘူး၊ဖြစ်နေကြတယ်။"

အခုလို ကချင်အထူးဒေသ ၁ အဖွဲ့က စီးပွားရေးအခက်အခဲရှိနေပေမယ့်လည်း ဥက္ကဋ္ဌဦးဆခုန်တိန့်ယိန်းကတော့ ဝိုင်းမော်မြို့နယ်၊ မန်တောင်ကျေးရွာမှာ တရုတ်ကုမ္ပဏီတွေနဲ့ပေါင်းပြီး ရွှေတူးဖော်ခွင့် ရနေသလို သူရဲ့သားကလည်း မနော‌မြေဆိုတဲ့ ဘောလုံးကလပ် ထူထောင်ပြီး မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတွေထဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့ပြင်နေပါတယ်။

# နအဖအား အမေရိကန်ပြောဆိုချက်အပေါ် အတိုက်အခံများထောက်ခံကြိုဆို

VOA ၊ ဂျန်နဝါရီ ၂၀ ။။ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က မြန်မာစစ်အစိုးရအပေါ်မှာစိတ်မရှည်နိုင်ဘဲပြောဆိုရတာဟာ မြန်မာပြည်ကတိုးတက်မှုမရှိတဲ့ လက်ရှိနိုင်ငံရေးအခြေအနေတွေကို ရောင်ပြန်ဟပ်နေတာမို့ အတိုက်အခံနိုင်ငံရေးအင်အားစုတွေကလည်းအလားတူ သဘောထားအမြင်တွေရှိနေကြတာဖြစ်ပါတယ်။

စစ်အစိုးရက မြန်မာပြည်တွင်းမှာ နိုင်ငံရေးအရ သိသာတဲ့ပြုပြင်ပြောင်းလဲမှုတွေမလုပ်သေးတဲ့အပေါ် NLD အနေနဲ့ အားမလို အားမရဖြစ်မိတယ်။ ဒါကြောင့် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မနေ့က အခုလိုပြောဆိုလိုက်တဲ့အပေါ် သူတို့အနေနဲ့ကြိုဆိုတယ်လို့ ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကတုန့်ပြန်ပြောဆိုပါတယ်။

"ကျနော်တို့လုပ်ငန်းဆိုတာ သိပ်ပြီးတော့အဆင်ပြေတာကို ပေါ်ရမယ်လို့မဆိုလိုဘူး။ သို့သော် တိုးတက်မှု Development ရှိရမယ်ဗျ။ Development ကိုလုံးဝမတွေ့ဘဲနဲ့ ဒီလိုအချိန်ကြာနေတာကတော့ ကျနော်တို့လည်း အားမလို အားမရဖြစ်နေတာပေါ့ဗျာ။ ဒါကြောင့် အမေရိကန်ရဲ့အခုပြောကြားချက်က လက်ခံထိုက်တဲ့ပြောကြားချက်လို့ ကျနော်ဒီလိုဘဲနားလည်ပါတယ်။"

တကယ်လို့စစ်အစိုးရဘက်ကပြုပြင်ပြောင်းလဲမှုတွေမလုပ်ခဲ့ရင် အမေရိကန်အနေနဲ့ ဘယ်လိုတုန့်ပြန်မလဲဆိုတာကို သိချင်တယ်လို့လည်း ဦးဉာဏ်ဝင်းက ဆက်ပြောပါတယ်။

"ပြုပြင်ပြောင်းလဲမှုမရှိဘဲနဲ့တော့ ဒီအတိုင်းချည်းဘဲသွားနေခဲ့မယ်ဆိုရင် ဘယ်လိုသဘောထားမလဲဆိုတာကိုပြောသင့်တယ်ထင်ပါတယ်။ ဒါတော့သူတို့လည်းစဉ်းစားမှာပေါ့လေ။ ပြောသင့်ပြောထိုက်တဲ့အချိန်ဆိုတာကတော့ သူတို့ဆုံးဖြတ်ရမှာပေါ့။"

စစ်အစိုးရက ဒီ ၂၀၁၀ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပေးမယ်လို့သာပြောဆိုနေပေမယ့် ရွေးကောက်ပွဲကို ဘယ်တော့ကျင်းပမယ်ဆိုတာ အခုချိန်အထိမထုတ်ပြန်သေးသလို ပါတီတွေဖွဲ့စည်းခွင့်၊ မဲဆွယ်စည်းရုံးခွင့်တွေလည်းမရှိသေးတာကြောင့် ဒီအခြေအနေမျိုးနဲ့ရွေးကောက်ပွဲကို ကျင်းပခဲ့မယ်ဆိုရင် တရားမျှတမှု ရှိနိုင်မှာမဟုတ်ဘူးလို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

"အခုနှစ်မျိုးကျနော်ပြောချင်ပါတယ်၊ တမျိုးကအခုချိန်ထိရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ကြေညာချက်ဘာမှမရှိဘူး။ ၂၀၁၀ လုပ်မယ်လို့သာပြောတယ်။ အခုဇန်နဝါရီကုန်တော့မယ်။အဲဒီတော့ အရင်တွေ့ကြုံခဲ့ဘူးတဲ့အတွေ့အကြုံနဲ့ပြောရရင် ၉၀ ရွေးကောက်ပွဲက ၁၃ လကြာပါတယ်။ ကြေညာချက်ထွက်ပြီးတော့ ၁၃ လအကြာမှာကျင်းပတယ်။ အခုအချိန်မရှိတော့တဲ့အခါအဲဒီလောက်ကိုမရှိတဲ့အတွက် Free and Fair ဖြစ်ဘို့ အတော်ခဲယဉ်းနေပြီလို့ ကျနော်ထင်ပါတယ်။"

နောက်တခုက အခုအချိန်အထိ ဘယ်ပါတီ အဖွဲ့အစည်းမှ ရွေးကောက်ပွဲဆိုင်ရာ Campaign ၊ စည်းလုံးရှားခွင့်မရှိဘူး။ ဒီလိုမရှိတဲ့အခြေအနေမှာ ၂၀၁၀ ထဲမှာသာလုပ်မယ်ဆိုရင် Free and Fair ဖြစ်ဖို့အချိန်လုံလောက်မှုမရှိတော့ဘူးလို့ ကျနော်တို့မြင်ပါတယ်။ ဒီလိုလုပ်မယ် အချိန်နည်းနည်းဘဲရှိမယ်ဆိုရင်တော့ Free and Fair မဖြစ်သလို Credibility တန်ဘိုးလည်းသိပ်ရှိမှာမဟုတ်ဘူးလို့ဘဲ ကျနော်မြင်ပါတယ်။"

တဆက်တည်းမှာဘဲ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူးဦးအေးသာအောင်ကတော့ ရွေးကောက်ပွဲမတိုင်ခင် အတိုက်အခံအင်အားစုတွေ တိုင်းရင်းသားအင်အားစုတွေနဲ့ စစ်အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးဘို့လိုအပ်တာကြောင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Capmbell ရဲ့ အခုလိုပြောဆိုချက်ကို ကြိုဆိုတယ်လို့ဆိုပါတယ်။

"ကျနော်တို့ဖြစ်စေချင်တာက မြန်မာနိုင်ငံမှာအထူးသဖြင့်အပြောင်းအလဲတွေဖြစ်ဘို့လိုတယ်။ တွေ့ဆုံဆွေးနွေးရေးတွေဖြစ်ဘို့လိုတယ်။ ရွေးကောက်ပွဲမတိုင်ခင်မှာ ဒီ အစိုးရနဲ့အတိုက်အခံတွေ၊ တိုင်းရင်းသားအင်အားစုတွေအားလုံးတွေ့အောင် အမေရိကန်ကိုယ်စားလှယ်တွေက နောက်ထပ် တွေ့ရှိချက်တွေနဲ့ပေါင်းစပ်ပြီးတော့ ဘယ်လိုများတိုးတက်လာအောင် လုပ်နိုင်မလဲဆိုတာကိုဘဲ ကျနော်တို့ကစောင့်ကြည့်နေတဲ့သဘောရှိတယ်။ ဒီနေရာမှာတခုပြောချင်တာက မြန်မာနိုင်ငံအပြောင်းအလဲဖြစ်ဘို့ အချိန်သိပ်အများကြီးပေးနေလို့တော့မဖြစ်ဘူးပေါ့။ ဒါပေမယ့် အတိုင်းအတာတခုအထိတော့ သူတို့ကြိုးပမ်းဘို့လိုမယ်လို့ ကျနော့အနေနဲ့မြင်ပါတယ်။"

တဆက်တည်းမှာဘဲ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံချင်တယ်လို့တောင်းဆိုထားတာကို လိုက်လျောပြီး အမြန်ဆုံးတွေ့ဆုံဆွေးနွေးကြဘို့ လိုအပ်တယ်လို့လည်း ဦးအေးသာအောင်က ပြောပါတယ်။

"လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကို နအဖဘက်ကလည်းလုပ်ဘို့လိုမယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကလည်း တိုင်းပြည်မှာအကျိုးရှိမယ့်လုပ်ငန်းတွေကို လက်တွဲဆောင်ရွက်ချင်တယ်။ ဒါတွေအတွက် တွေ့ချင်တယ်လို့တောင်းထားတဲ့အပေါ်မှာရော၊အမေရိကန်နိုင်ငံရဲ့ဆောင်ရွက်တဲ့အပေါ်မှာ ရော အားလုံးကိုခြုံပြီးကြည့်မယ်ဆိုရင် အမြန်ဆုံးနည်းအဆင့် တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့မယ်၊ နောက်တဆင့် တိုင်းပြည်မှာ တိုင်းရင်းသားတွေနဲ့တွေ့ဆုံဆွေးနွေးပြီးတော့ မြန်မာနိုင်ငံရဲ့ပြဿနာတွေကိုရွေးကောက်ပွဲမလုပ်မီ အမြန်ဆုံးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ဘို့လိုမယ်လို့မြင်ပါတယ်။"

အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က စစ်အစိုးရက မြန်မာနိုင်ငံမှာ သိသာတဲ့ပြောင်းလဲမှုတွေ မလုပ်ဆောင်သေးတဲ့အပေါ် အမေရိကန်ဘက်ကစိတ်မရှည်တော့ဘူးလို့ပြောဆိုတာနဲ့ပတ်သက်လို့ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူးဦးအေးသာအောင်တုန့်ပြန် ပြောဆိုခဲ့တာဖြစ်ပါတယ်။

# ကုလမှဒေါ်လာသန်း ၁၀၀ ကူညီ

RFA ၊ ဂျန်နဝါရီ ၁၉ ။ ။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ကရံပုံငွေလိုသလောက်မရရှိတဲ့ အရေးပေါ်ပြဿနာတွေရှိနေတဲ့ ၁၄ နိုင်ငံကို ကုလသမဂ္ဂဗဟိုအရေးပေါ် တုန့်ပြန်ကယ်ဆယ်ရေးရံပုံငွေဌာန CERF က အမေရိကန်ဒေါ်လာသန်း ၁၀၀ ကူညီလိုက်တယ်လို့ အမေရိကန်ပြည်ထောင်စု နယူးယော့ခ်မြို့အခြေစိုက် ကုလသမဂ္ဂရုံးချုပ်က ကြေညာလိုက်ပါတယ်။

ဒီရံပုံငွေထဲက အများဆုံးပမာဏဖြစ်တဲ့ ဒေါ်လာ ၁၇ သန်းကို အီသီယိုပီးယားနိုင်ငံကိုထောက်ပံ့မှာဖြစ်ပြီး မြောက်ကိုရီးယားက ၈ သန်း၊ ယီမင်နဲ့ချတ်ဒ်နိုင်ငံတွေက ၇ သန်းနဲ့ မြန်မာနိုင်ငံက ၄ သန်း ရရှိမယ်လို့သိရပါတယ်။ ဒီရံပုံငွေတွေကို ကုလသမဂ္ဂဌာနေအဖွဲ့အစည်းတွေကတဆင့် ဂျန်နဝါရီ ၁၈ ရက် မနေ့ကစပြီးပေးပို့လိုက်ပြီး ဒီနိုင်ငံတွေက လူသားချင်းစာနာမှု ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အသုံးပြုမယ်လို့သိရပါတယ်။

ဒီရံပုံငွေဒေါ်လာသန်း ၁၀၀ ဟာ ၂၀၁၀ အတွက် CERF ရဲ့ ပထမအသုတ်ပံ့ပိုးငွေဖြစ်ပြီး ဒုတိယအသုတ်ကိုတော့ ဂျူလိုင်လထဲမှာ ပေးပို့မယ်လို့သိရပါတယ်။ ၂၀၀၉ ခုနှစ်တနှစ်လုံးအတွက် ဒီဌာနကရံပုံငွေမလုံလောက်တဲ့နိုင်ငံတွေကို အမေရိကန်ဒေါ်လာ သန်း ၁၃၀ ထောက်ပံ့ခဲ့တယ်လို့သိရပါတယ်။

၂၀၀၆ ခုနှစ်ကစတင်ထူထောင်ခဲ့တဲ့ ကုလသမဂ္ဂဗဟိုအရေးပေါ် တုန့်ပြန်ကယ်ဆယ်ရေးရံပုံငွေဌာန CERF ဟာ အမေရိကန်ဒေါ်လာသန်း ၁,၅၀၀ နဲ့မတည်ခဲ့တာဖြစ်ပြီး ဒီအထဲက သန်း ၄၅၀ နီးပါးဟာ နှစ်ရှည်လများနိုင်ငံတကာက လျစ်လျူရှုထားခံရတဲ့ နိုင်ငံပေါင်း ၅၀ ကျော်က ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ထောက်ပံ့သုံးစွဲခဲ့တယ်လို့ သိရပါတယ်။

# ဆရာကြီးဦးဝင်းတင်နှင့် အဖွဲ့ချုပ်ဝင်များ ရန်ကုန်ပြန်လည်ရောက်ရှိ

Mizzima ၊ ဂျန်နဝါရီ ၂၂ ။ ။ ဆယ်စုနှစ် ၂ ခုနီးပါးအကျဉ်းကျခဲ့ရာမှ ပြန်လွတ်လာပြီးနောက်နယ်သို့ပထမဆုံးအကြိမ်ခရီးထွက်သွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးဝင်းတင်သည် ယနေ့ရန်ကုန်သို့ပြန်လည်ရောက်လာပြီဖြစ်ပါတယ်။

၃ ရက်ကြာ မန္တလေး၊ မေမြို့ခရီးစဉ်တွင် မန္တလေးတိုင်းမြို့နယ် ၃၀ မှ ပါတီဝင်များကို ပါတီဗဟိုအလုပ်အမှုဆောင်တိုးချဲ့ပြင်ဆင်ခြင်းနှင့် ရွှေဂုံတိုင်စာတမ်းရပ် တည်ချက်တို့ကို အလေးထားရှင်းပြခဲ့ကြောင်း သိရပါတယ်။

“စီအီးစီခေါင်းဆောင်မှုတိုးချဲ့တဲ့အခါမှာ အားလုံးရဲ့သဘောတူညီချက်နဲ့ ဆိုတာကို ရှင်းပြခဲ့တယ်။ နိုင်ငံရေးအခြေအနေတွေနဲ့ပတ်သက်ပြီး ရွှေဂုံတိုင်ကြေညာစာတမ်းပေါ်မှာဘဲ ရပ်တည်တယ်။ ဒီအတိုင်းဘဲရပ်တည်ဘို့ရာ ကျနော်တိုက်တွန်းခဲ့တယ်။” လို့ အသက် ၈၀ အရွယ် ဦးဝင်းတင်ကပြောပါတယ်။ ထောက်ကထွက်ပြီး ၁ နှစ်နဲ့ ၄ လခန့်အတွင်း ခရီးဝေးအဖြစ် မန္တလေးမြို့သို့ ယခုလ ၁၉ ရက်နေ့မှာ လူထုဦးလှ နှစ်တရာပြည့်အခမ်းအနားသို့ သွားရောက်မှုဖြင့်စတင်ခဲ့တာဖြစ်ပါတယ်။

ဦးဝင်းတင်–တွဲဘက်သဘာပတိနဲ့အတူ ဦးအုန်းကြိုင်–အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်၊ ကဗျာဆရာ ဖျာပုံနီလုံဦး ၁ ဦးအောင်မြင့်ဗဟန်းမြို့နယ်ဥက္ကဌနှင့်စာရေးဆရာ မုံရွာအောင်ရှင်–စစ်ကိုင်းတိုင်း တိုင်းစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဌတို့လည်း လိုက်ပါသွားကြပါတယ်။

ခရီးစဉ်သည် အဓိကအားဖြင့် လူထုဦးလှ–ကွယ်လွန် နှစ် ၁၀၀ ပြည့် အခန်းအနားသို့တက်ရောက်ရန် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာဆရာဟောင်းဖြစ်သူ ဦးဝင်းတင်ကပြောပါတယ်။ ထိုမှတဆင့် ၂၀–၂၁ ရက်နေ့တို့တွင် မန္တလေးနှင့်မေမြို့မှာ ပါတီဝင်များနဲ့တွေ့ဆုံဆွေးနွေးခြင်း မန္တလေးရှိနိုင်ငံရေးအကျဉ်းသားမိသားစုများကိုလည်း တွေ့ဆုံအားပေးခဲ့ကြောင်း သိရှိရပါတယ်။

“ထူးထူးခြားခြားသဘောထားကွဲလွဲတဲ့ဆွေးနွေးချက်တွေတခုမှမတွေ့ခဲ့ရဘူး၊ သူတို့အဓိကထားပြီးတိုက်တွန်းချက်ကတော့ညီညီညွတ်ညွတ်လုပ်ကြဘို့နဲ့အများဆန္ဒနဲ့လုပ်နိုင်အောင်နဲ့ဒီလောက်ပါဘဲ။” လို့ ဦးဝင်းတင်ကပြောပါတယ်။ ဆွေးနွေးပွဲဖြစ်စဉ်များနဲ့ပတ်သက်ပြီး ရုံးချုပ်ရှိစီအီးစီအစည်း အဝေးတွင် ပြန်လည် တင်ပြသွားမယ်လို့လည်း သိရပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်တည်ထောင်ရာတွင်ပါဝင်ခဲ့သူလည်းဖြစ်တဲ့ ဦးဝင်းတင်သည် ၁၉၈၈ ခု ဒီမိုကရေစီလှုပ်ရှားမှု၌ ပါဝင်ခဲ့တဲ့အတွက် ၁၉၈၉ ခုနှစ်၊ ဂျူလိုင်လတွင် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခံရပြီး ၁၉ နှစ်ကျော်အကျဉ်းကျခံခဲ့ရပါတယ်။ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် အင်းစိန်ထောင်မှပြန်လည်လွတ်မြောက်ခဲ့ပါတယ်။

၁၃ နှစ်အရွယ်မှာစ၍ သတင်းစာလောကသို့ဝင်ရောက်ခဲ့သော ဦးဝင်းတင်သည် ထောင်းတွင်း၌တွေ့ဆုံဆွေးနွေးအဖြေရှာရေးစာတမ်းများ၊ နေအိမ်အကျယ်ချုပ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန်တောင်းဆိုမှုများ ထောင်တွင်းလူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စာတမ်းများကိုရေးသားခဲ့ပါတယ်။

သူသည် UNSCO ရဲ့ Guillremo Cano ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ရေးဆု Guillermo Cano World Press Freedom Prize ၊ ကမ္ဘာ့သတင်းစာများအသင်း၏လွတ်လပ်ရေးအတွက်ရွှေကလောင်ဆု Newspaper’s Golden Pen of Freedom ၊ နယ်စည်းမခြားသတင်းထောက်များဆု Winner of Reporters Without Border စသည်များချီးမြှင့်ခံခဲ့ရပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှ စ တင် ၍ အ ပတ် စဉ် ထုတ် ဝေ သည်

AIR MAIL

PRINTED MATTER